ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 5 June 2023 ၁၁၁၁၇

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



## “မိုခါ”မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ(၁)

ဆောင်းပါး စာမျက်နှာ » ၆၊ ၇

# မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲကြီး နှုတ်ဆက်ပွဲနေ့ စည်ကားသိုက်မြိုက်စွာ ကြည့်ရှုအားပေး

ရန်ကုန် ဇွန် ၄

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲကြီးကို ဇွန် ၂ ရက်မှစတင်၍ ဖျော်ဖြေတင်ဆက်ခဲ့ရာ ယနေ့နောက်ဆုံးနှုတ်ဆက်ပွဲနေ့တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကြည့်ရှုအားပေးကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




**ယနေ့ ဖတ်စရာ**

**ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲ အခမ်းအနား ဇွန် ၉ ရက်တွင် ကျင်းပမည်**

စာမျက်နှာ » ၂

**သဘာဝဘေးအန္တရာယ် ကျရောက်သော ဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ**

စာမျက်နှာ » ၉

**မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများဆိုင်ရာ သိကောင်းစရာ**

ဆောင်းပါး စာမျက်နှာ » ၁၀

# အများပြည်သူအကျိုးစီးပွား မှန်ကန်သောသတင်းများအလေးထား

ပြည်သူများသည် သိလိုသောဆန္ဒပြင်းပြကြသည်။ သတင်းဆိုသည်မှာ ပြည်သူများသိလိုသော အရေးအရာကိစ္စများဖြစ်သည်။ မီဒီယာဆိုသည်မှာ ပြည်သူများသိလိုသောအကြောင်းအရာများကို အသိပေးထုတ်ပြန်ရသည်။ စာနယ်ဇင်းကျင့်ဝတ်တွင် အများပြည်သူသိရှိရန်အလို့ငှာ ထုတ်ပြန်သောသတင်းတိုင်း၌ အချက်အလက်တိကျမှန်ကန်စေရန် အစွမ်းကုန်စိစစ်ရမည်။ ဖော်ပြခြင်းမပြုမီ သတင်းအားလုံးကို တတ်စွမ်းသမျှ စိစစ်ရမည်။ မည်သည့် သတင်းအချက်အလက်ကိုမျှ မိမိတို့လိုရာသို့ ဆွဲမရေးရ၊ သို့တည်းမဟုတ် လိုရင်းအချက်အလက်များကို တမင်သက်သက်ထိန်ချန်ခြင်းမပြုရဟု ဆိုထားသည်။

သတင်းအချက်အလက်နှင့် နည်းပညာထွန်းကားလာသော ယနေ့ခေတ်ကာလတွင် ပြင်ပမီဒီယာအများစုသည် စာနယ်ဇင်းကျင့်ဝတ်များကို အလေးထားလိုက်နာဆောင်ရွက်ခြင်းမရှိတော့ပေ။ သတင်းအချက်အလက်များနှင့်ပတ်သက်လျှင် မလိုလျှင် တမင်ထိန်ချန်၍ လိုလျှင် လိုရာဆွဲကာ ရေးသားလာကြသည်ကို တွေ့ရမည်ဖြစ်သည်။ လောကကောင်းကျိုးများကို မှန်ကန်သောသတင်းအချက်အလက်များဖြင့် မတည်ဆောက်ကြဘဲ မမှန်ကန်သော သတင်းအချက်အလက်များဖြင့် ဖျက်ဆီးနေကြသည်။ အွန်လိုင်းမီဒီယာခေတ်စားလာသော ယနေ့ကာလတွင် မမှန်ကန်သော သတင်းအချက်အလက်များဖြင့် နိုင်ငံရေးအရ၊ စီးပွားရေးအရ အမြတ်ထုတ်အသုံးချမှုများရှိလာသည်ကိုတွေ့ရမည်ဖြစ်သည်။

ဥပမာအားဖြင့် ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကာလက မုန်တိုင်းအပြီးနောက်ဆက်တွဲတစ်ခု ထပ်မံဝင်ရောက်မည်ဟူသော ကောလာဟလသတင်းများကြောင့် လူအများ အထိတ်တလန့်ဖြစ်ခဲ့ဖူးသည်။ မကြာသေးမီကာလက ဖြစ်ပွားခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" နှင့်ပတ်သက်၍ မုန်တိုင်းမဖြစ်ပွားမီကာလတွင် မိုးလေဝသဆိုင်ရာသတင်းများ၊ ခန့်မှန်းချက်များအား ဆိုရှယ်မီဒီယာ၊ ဝက်ဘ်ပေ့ချ်များမှတစ်ဆင့် လွယ်ကူစွာရယူပြီး ခိုင်မာမှုမရှိသောသတင်းများအား ကြိုတင်ခန့်မှန်း ဖော်ပြလျက်ရှိသည်ကို မကြာခဏတွေ့ရမည်ဖြစ်သည်။ မုန်တိုင်းဖြတ်ကျော်ဝင်ရောက်ရန် နီးကပ်ချိန်များတွင် မုန်တိုင်းလမ်းကြောင်း ပြောင်းလဲနိုင်သည်ဆိုသော ကောလာဟလသတင်းများ ဖြန့်ဝေခြင်း၊ ဆိုရှယ်မီဒီယာများမှ တရားမဝင်အလွတ်သဘောဖော်ပြနေခြင်းသည် ပြည်သူလူထုအတွက် ဆေးမဖြစ်စေဘဲ ဘေးဖြစ်စေနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ခိုင်မာမှန်ကန်သော သတင်းအချက်အလက်များဖြစ်ပါက ပြည်သူလူထုအတွက် အကျိုးရှိထိရောက်မည်ဖြစ်သော်လည်း မှန်ကန်သေချာမှုမရှိသော ခန့်မှန်းချက်များ ပြည်သူလူထုထံရောက်ရှိသွားမည်ဆိုပါက စိုးရိမ်ထိတ်လန့်မှုများနှင့် မလိုလားအပ်သောအခြေအနေများ ပေါ်ပေါက်လာမည်ဖြစ်သည်။ နိုင်ငံအတွင်း အရေးကြီးသည့်အကြောင်းကိစ္စများပေါ်ပေါက်လာတိုင်း ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုများဖြစ်ပေါ်လာကာ စားသောက်ကုန်ပစ္စည်းများ၊ ဆေးဝါးနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို စိုးရိမ်စိတ်ဖြင့် ကြိုတင်ဝယ်ယူစုဆောင်းကြသည့်အတွက် နောက်ဆက်တွဲအကျိုးသက်ရောက်မှုအဖြစ် ကုန်ပစ္စည်းများပြတ်လပ်မှုများဖြစ်ပေါ်ပြီး မလိုလားအပ်သော ကုန်ဈေးနှုန်းကြီးမြင့်မှုများဖြစ်ပေါ်လာသည်။ မြန်မာနိုင်ငံတွင် မုန်တိုင်းမဖြစ်မီကာလက ကုန်ဈေးနှုန်းနှင့် မုန်တိုင်းဖြစ်ပြီးကာလ ကုန်ဈေးနှုန်းကို ခန့်မှန်းကြည့်နိုင်သည်။ မမှန်ကန်သောသတင်းအချက်အလက်များ၏ အကျိုးရလဒ်ကို ပြည်သူများသာခံစားကြရသည်။

ယခုအခါ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ဇွန်လ ၃ ရက်နေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဇွန်လ ၅ ရက်နေ့မှ ၈ ရက်နေ့အတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းတို့တွင် လေထုမငြိမ်သက်မှုဖြစ်ပေါ်ရာမှ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ခြေရှိသည်ဟု ခန့်မှန်းရသည်ဆိုသော အသိပေးထုတ်ပြန်ချက်ကို နိုင်ငံပိုင်မီဒီယာများနှင့် တရားဝင်ပုဂ္ဂလိကမီဒီယာများ၌ ဖော်ပြခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ အဆိုပါအလားအလာနှင့် ဆက်စပ်၍ လူမှုကွန်ရက်ပေါ်တွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်လာပြီး မကြာမီရက်ပိုင်းတွင် မုန်တိုင်းဖြစ်ပေါ်ပြီးနောက် မုန်တိုင်းဖြတ်သန်းမည့်ဒေသကိုပါ တရားမဝင်ဖော်ပြလာသည်ကို တွေ့ရမည်ဖြစ်သည်။ ထိုတရားမဝင်သတင်းကို တွေ့ရှိလိုက်ကြသော ပြည်သူများအနေဖြင့် စိုးရိမ်ပူပန်ခြင်းများဖြစ်ကြပေမည်။

မြန်မာနိုင်ငံတွင် လူမှုကွန်ရက်ပေါ်မှ မမှန်ကန်သောသတင်းအချက်အလက်များ၊ ကောလာဟလသတင်းများကြောင့် ပြည်သူများ စိုးရိမ်ပူပန်မှုနှင့်နောက်ဆက်တွဲအကျိုးဆက်များ ခံစားနေကြရသည်မှာ ကြာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသောမိုးလေဝသသတင်းများသာမက အခြားအရေးကိစ္စသတင်းများနှင့်ပတ်သက်၍ အခြေအမြစ်မရှိသောသတင်းများကို ယုံကြည်မှုမရှိဘဲ နိုင်ငံတော်က တရားဝင်ထုတ်ပြန်သည့် သတင်းအချက်အလက်များကို လေ့လာမှတ်သားပြီး ပြည်သူများ၏အကျိုးစီးပွားမထိခိုက်အောင် သတိမူဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲအခမ်းအနား ဇွန် ၉ ရက်တွင် ကျင်းပမည်

နေပြည်တော် ဇွန် ၄

(၂၉)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေ တစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက် စာအုပ်ဆု ဆုရရှိသူများ စာရင်းကို ဧပြီ ၁၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါ ဆုရရှိသူများအား ဆုချီးမြှင့်မည့် အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် National Guest House Zone ရှိ Horizon Lake View Resort ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် ဇွန် ၄

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်၊ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများကမြို့နယ်များရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ ရန်ကင်းတောရကျောင်းတိုက်နှင့် ဥတ္တရသီရိမြို့နယ်ရှိ သုရိယာရာမကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဇောတိကာရုံကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေဟင်္သာတောရကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဓာတုမာလာပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဘုန်းရိပ်ကျောင်းတိုက်နှင့် မြောက်ဥက္ကလာပမြို့နယ်ရှိ ဓမ္မလင်္ကာရကျောင်းတိုက်များသို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ ဝေယံဘုံမြင့်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာပညိန္ဒာရာမကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ အရှေ့ခင်မကန်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်ရှိ ဇောတနာရာမ ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ လွယ်ခမ်းပါမိုးနဲကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ ရွှေပြည်အေး ကျောင်းတိုက်များသို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# တိုက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ

တိုက်ကြီး ဇွန် ၄

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆင်နင်းရိုးကျေးရွာတွင် ယမန်နေ့ နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ အခြေခံစက်ချုပ်သင်တန်းဆင်းပွဲ (၁/၂၀၂၃)ကို ကျင်းပခဲ့သည်။



သင်တန်းဆင်းပွဲတွင် တိုက်ကြီးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်က သင်တန်းဆင်းအမှာစကားပြောကြားခဲ့ပြီး တိုက်ကြီးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုသီတာလင်းက အခြေခံစက်ချုပ်သင်တန်းတက်ရောက်နေသည့် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို မေ ၅ ရက်မှ ဇွန် ၃ ရက်အထိ တစ်လကြာဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မြန်အောင်မြို့နယ် ကောင်းပြည့်စုံ ငွေစုငွေချေးသမဝါယမအသင်းက ပညာသင်စရိတ် ထောက်ပံ့ငွေများ ပေးအပ်

မြန်အောင် ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကောင်းပြည့်စုံငွေစုငွေချေးသမဝါယမအသင်းက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် စုဆောင်းငွေပေါ်အတိုးနှင့် ပညာသင်ဆု ထောက်ပံ့ပေးအပ်ခြင်းကို မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။ အသင်းမှ အသင်းသား ၂၃ ဦးအား စုဆောင်းငွေပေါ် အတိုးများပေးအပ်ပြီး အသင်းသား အသင်းသူများ၏ သားသမီးများအတွက် ပညာသင်စရိတ် ထောက်ပံ့ငွေနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးစိုးစိုးနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းမှူး** | - ဦးဝင်းနိုင် | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာပြင်** | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ပြည်ထဲရေးဝန်ကြီးဌာနမှ အောင်ပွဲရအားကစားသမားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၄**

ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပခဲ့သော (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ပြည်ထဲရေးဝန်ကြီးဌာနမှ အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ရုံးအမှတ်(၈)ရှိ အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ရာ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် ဒုတိယဝန်ကြီးများ၊ တပ်ဖွဲ့/ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများနှင့် ဇနီးများ၊ ဆုရ အားကစားသမားများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများ၊ ဒိုင်လူကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။






**အမှာစကားပြောကြား**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် အားကစား မြှင့်တင်ခြင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခြင်း ဖြစ်သည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်ဖြင့် အမျိုးသားအားကစားမြှင့်တင်ရေးကို အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် နောင်လာမည့် ပြည်တွင်း/ပြည်ပပြိုင်ပွဲများတွင် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြုပြီး ရွှေတံဆိပ်ဆုများ ယခုထက် ပိုမိုဆွတ်ခူးနိုင်သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင် အားကစားသမားများဖြစ်အောင် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့သည်။

အဆိုပါ (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကိုယ်စားပြု အားကစားသမား ၃၆ ဦး၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဒိုင်လူကြီးများ အပါအဝင် စုစုပေါင်း ၄၉ ဦးတို့က အားကစားနည်း ကိုးမျိုးကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ တိုက်ကွမ်ဒို၊ အမျိုးသမီးဘောလုံး၊ စစ်တုရင်၊ လက်ဝှေ့နှင့် ပြေးခုန်ပစ် အားကစားနည်း ခုနစ်မျိုးတွင် အားကစားသမား ၁၈ ဦးက ရွှေတံဆိပ် ခုနစ်ဆု၊ ငွေတံဆိပ် ခုနစ်ဆု၊ ကြေးတံဆိပ် ကိုးဆု စုစုပေါင်း ဆုတံဆိပ် ၂၃ ဆုရယူပေးနိုင်ခဲ့သည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် ဆုရအားကစားသမားများ၊ နည်းပြများနှင့် အုပ်ချုပ်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ပိုက်ကျော်ခြင်း၊ ဗိုဗီနမ်၊ တိုက်ကွမ်ဒိုပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိခဲ့ကြသည့်အားကစားသမား ခုနစ်ဦးနှင့် ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သော အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား ငါးဦးအားလည်းကောင်း၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ်ဇင်မင်းထက်က ပိုက်ကျော်ခြင်း၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲများတွင် ငွေတံဆိပ်ဆု ရရှိခဲ့ကြသည့် အားကစားသမား ခုနစ်ဦးအားလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးက ဗိုဗီနမ်၊ စစ်တုရင်၊ လက်ဝှေ့၊ ပြေးခုန်ပစ်၊ တိုက်ကွမ်ဒို ပြိုင်ပွဲများတွင် ကြေးတံဆိပ်ဆု ရရှိခဲ့ကြသည့် အားကစားသမား ရှစ်ဦးအားလည်းကောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သန်းက ပြိုင်ပွဲဝင်အားကစားသမားများ၊ နည်းပြများ၊ အုပ်ချုပ်သူများနှင့် ဒိုင်လူကြီးများအားလည်းကောင်း ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ပြိုင်ပွဲဝင် အားကစားသမား တစ်ဦးက ပြိုင်ပွဲ အတွေ့အကြုံများနှင့် ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်နှင့် အဖွဲ့ဝင်များသည် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင် အားကစားသမားများနှင့် နည်းပြများအား ဂုဏ်ပြုလက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲတီးဝိုင်းအဖွဲ့က ဂုဏ်ပြု တေးသီချင်းများနှင့် ဖျော်ဖြေခဲ့ကြပြီး နိုင်ငံ့ဂုဏ်ဆောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❂ ရှေ့ဖုံးမှ**

အဆိုပါ ရန်ပုံငွေပဒေသာဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်ခိုင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးမှ နာယကများနှင့် ဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူများ ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေမှုစတင်ချိန်တွင် မြန်မာ့ဆိုင်းဝိုင်းနှင့် ခေတ်ပေါ်သံစဉ်တို့ဖြင့် စတင်ဖွင့်လှစ်ပြီး ယနေ့တင်ဆက်မည့်အစီအစဉ်များကို တင်ဆက်ပြောကြားသည်။ ဆက်လက်၍ ရခိုင်စည်တော်နှင့် မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အပျိုတော်လမိုင်းအကတို့ဖြင့် ဖျော်ဖြေကြပြီး အဖွင့်ပမာဏတေးအဖြစ် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင် မောင်နှမများဖြစ်ကြသည့် ရန်အောင်၊ ရဲအောင်၊ နေထက်လင်း၊ ကျော်ကျော်ဘုန်းလျှံ၊ မေသန်းနု၊ မေသဉ္ဇာဦး၊ ခိုင်နှင်းဝေ၊ ဆောင်းအိန္ဒြေထွန်း၊ ဆုမြတ်နိုးဦး၊ ဟံဇိန်း၊ ဘွန်းဩရသ၊ ရဲရဲ၊ အောင်ဇမ္ဗူ၊ ဝေလင်းထက်၊ တခိုင်လုံးရွှေ၊ အေးအေးမြင့်၊ ချယ်ရီသင်း၊ ငြိမ်းချမ်းခိုင်၊ ရေကြည်ချမ်းမြ၊ ချမ်းချမ်းမိုး၊ မေမြတ်နိုးခင်၊ နိုဘယ်လှိုင်၊ မြင့်မိုရ်သွန်းခ၊ ထက်ထက်စိုးစံ၊ နှင်းထက်ရွှေရည်၊ စိုးယုနန္ဒာ၊ ဖြိုးသဇင်၊ အောင်ကိုကို၊ ချစ်ကိုကို၊ မျိုးခန့်မောင်မောင်၊ အောင်စံထူး၊ မြတ်မင်းခေါင်တို့က မြူးကြွသွက်လက်သည့် သံစဉ်များဖြင့် ဖျော်ဖြေကြသည်။

ထို့နောက် ရုပ်ရှင်သရုပ်ဆောင်အနုပညာရှင်များက မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် အလှူငွေများလှူဒါန်းကြပြီး ပြေတီဦး၊ အိန္ဒြာကျော်ဇင်၊ ရန်အောင်၊ ရဲအောင်၊ နေထက်လင်း၊ မေသန်းနု၊ မေသဉ္ဇာဦး၊ ခိုင်နှင်းဝေနှင့် အနုပညာရှင်များက အလှူရှင်ပရိသတ်တို့၏ စေတနာတရားထက်သန်စွာ လက်ရောက်လှူဒါန်းမှုကို လက်ခံကုသိုလ်ယူကြသည်။ ယင်းနောက် တေးသံသာကဏ္ဍတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ စိမ့်နေခြည်၊ သွန်းသဟာအောင်တို့ကလည်းကောင်း၊ ဟာသပညာရှင်များအစည်းအရုံးမှ ဟာသဖျော်ဖြေမှုကိုလည်းကောင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ "ခမ်းနားလှပသဘင့်မြိုင်ထ" အစီအစဉ်တွင် ဘွန်း၊ ဩရအောင်၊ အောင်ဇမ္ဗူ၊ ရဲရဲ၊ သူရဝင်းထွဋ်၊ မင်းဗိုလ်၊ ဝေလင်းထက်၊ ဆန်းနေအောင်၊ ငြိမ်းချမ်းခိုင်၊ ရေကြည်ချမ်းမြ၊ ချမ်းချမ်းမိုး၊ သဉ္ဇာရဲဝင်း၊ နိုဘယ်လှိုင်၊ မေမြတ်နိုးခင်၊ သဒ္ဒါသိမ့်၊ မြနှင်းဆီတို့ကလည်းကောင်း၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ အာဇာနည်စန်းစန်းအဖွဲ့၏ ဆပ်ကပ်ဖျော်ဖြေမှုကိုလည်းကောင်း၊ ဒါရိုက်တာမောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ "ပြန်လည်နိုးထကြပါစို့"တေးအော်ပရာတွင် နေတိုး၊ ကျော်ကျော်ဗိုလ်၊ ရဲလေး၊ အောင်ရေချမ်း၊ အေးမြဖြူနှင့် Life @ Dance, RVC Dance Group တို့ကလည်းကောင်း၊ ရုပ်ရှင်ဇာတ်ဝင်တေးများအား စိုးသူ၊ သာထက်၊ ဆောင်းအိန္ဒြေထွန်းတို့ကလည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ ပတ္တမြားဒေဝီ စောမဲကြည် အော်ပရာကဏ္ဍ၌ တေးဆို စိမ်းလဲ့လဲ့နှင့်အတူ ဘုန်းလျှံ၊ အာရိယန်၊ ဟီလာရီစိုးတို့ကလည်းကောင်း၊ တေးသံသာကဏ္ဍတွင် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ အိမ့်ချစ်၊ အိုင်ရင်းဇင်မာမြင့်၊ ရဲလေးတို့ကလည်းကောင်း၊ သဘင်တေးသံသာအစီအစဉ်တွင် စွမ်းဇာနည်၊ ဝင်းနောင်၊ ဇံဟိန်းတို့ကလည်းကောင်း မြူးကြွလန်းဆန်းသော တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ရန်ပုံငွေပဒေသာကပွဲကြီး၏ နှုတ်ဆက်ပွဲနောက်ဆုံးအစီအစဉ်ဖြစ်သည့် "စွမ်းအားမြင့်မားသဘင်နှစ်ပါးသွား" ဖျော်ဖြေရေးကဏ္ဍ၌ မြန်မာနိုင်ငံသဘင်အစည်းအရုံးမှ ရွှေမန်းချမ်းသာ၊ တင်မောင်ဆန်းမင်းဝင်းနှင့် သဘင်အနုပညာရှင်များ ပူးပေါင်း၍ အားပါးတရ ကပြဖျော်ဖြေတင်ဆက်ကြသည်။



မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ရန်ပုံငွေပဒေသာကပွဲကြီးကို ဇွန် ၂ ရက်မှ ၄ ရက်အထိ ဖျော်ဖြေတင်ဆက်ခဲ့ခြင်းဖြစ်ပြီး ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးအနေဖြင့် အနုပညာလောကသားတို့စုပေါင်း၍ မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများကို ကူညီပံ့ပိုးကြရန် ရည်ရွယ်ချက်ဖြင့် ဤပဒေသာကပွဲကြီးကို စီစဉ်ကပြခဲ့ခြင်းဖြစ်ရာ ကူညီပံ့ပိုးကြရာ၌ လိုအပ်သော ငွေကြေးပစ္စည်းပစ္စယများအပြင် အနုပညာလောကသားတို့၏ ဖြူစင်သော မေတ္တာ၊ သန့်ရှင်းသောစေတနာကို ပြသနိုင်ခဲ့ခြင်းဖြစ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများ ကြေကွဲပူဆွေးနေသော စိတ်ခံစားမှုများကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟူသော ယုံကြည်မှုနှင့်အတူ ဤပဒေသာကပွဲကြီးကို သုံးရက်တိုင် တတ်ကျွမ်းသည့် အနုပညာစွမ်းအားဖြင့် ပူးပေါင်းလက်တွဲ ထုတ်ဖော်ပြသခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပန်းတနော်မြို့နယ် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနား တက်ရောက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်တို့ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြစဉ်။

**နေပြည်တော် ဇွန် ၄**

ပြန်ကြားရေး ဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ပန်းတနော်မြို့၌ တည်ဆောက်ပြီးစီးခဲ့သည့် လူထုအခြေပြုဗဟိုဌာန (Community Centre) အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါအဆောက်အအုံရှေ့၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦတင်မောင်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်တို့က လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဧည့်သည်တော်ကြီးများနှင့် တာဝန်ရှိသူများက ရွှေလျားစာကြည့်တိုက် မော်တော်ယာဉ်ကို အမွေးနံ့သာရည် ပက်ဖျန်းပေးကြပြီး လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် လူထုအခြေပြုဗဟိုဌာနအတွင်း ခင်းကျင်းပြသထားရှိသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ထူးချွန်ထင်ရှားသည့် ပုဂ္ဂိုလ်များ၊ အထင်ကရဘုရားစေတီ ပုထိုးများ အပါအဝင် သာယာလှပသော ရှုခင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ထွက်ကုန်များ၊ ရိုးရာယဉ်ကျေးမှု အနုပညာလက်ရာများ ခင်းကျင်းပြသထားသည့် ပြတိုက်ငယ်ကိုလည်းကောင်း၊ ကလေးစာဖတ်ခန်းနှင့် ကလေးကစားခန်း၊ အနုပညာပြခန်း၊ ပြည်သူ့စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ အားကစားခန်းမ၊ ဆွေးနွေးပွဲခန်းမနှင့် ဘက်စုံသုံးခန်းမတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်သူ့စာကြည့်တိုက်နှင့် ကလေးစာဖတ်ခန်းတွင် စာပေဖတ်ရှုနေသည့် စာဖတ်ပရိသတ်များနှင့် ကလေးငယ်များအား အမှတ်တရ ပုံပြင်စာအုပ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်အဖွဲ့ လူထုအခြေပြုဗဟိုဌာနအတွင်း ခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဤအဆောက်အအုံကြီးနှင့်ပတ်သက်၍ မိမိတို့တွင်တာဝန်နှစ်ရပ်ရှိသည်ဟု ခံစားရပါကြောင်း၊ ယင်းတာဝန် နှစ်ရပ်မှာ အဆောက်အအုံကြီးအား ထိန်းသိမ်းစောင့်ရှောက်ပေးရမည့်တာဝန်နှင့် ဤအဆောက်အအုံကြီးအား အသုံးပြု၍ မိမိတို့အနာဂတ်လူငယ်များ ဘက်စုံဖွံ့ဖြိုး တိုးတက်စေရန် ဆောင်ရွက်ပေးရမည့် တာဝန်များပင် ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံကြီးအား ဖွင့်လှစ်ပေးရုံဖြင့် ကျေနပ်နေ၍မရဘဲ အဆောက်အအုံကြီး ရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ကလေးသူငယ်များကို အနာဂတ်သားကောင်း သမီးကောင်းများ ဖြစ်အောင် ဆောင်ရွက်ရန် မြို့မိမြို့ဖများတွင် တာဝန်ရှိသည်ဟု ထင်မြင်ပါကြောင်း။

ဤအဆောက်အအုံကြီးအား အနာဂတ်ကလေးများ ထူးချွန်ထက်မြက်စေရန် ပြုစုပျိုးထောင်နိုင်သည့် နေရာကောင်းတစ်ခုဟု ခံယူဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ၎င်းတာဝန်များကို မိမိတို့အားလုံး ကျေကျေပွန်ပွန် ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ အဆောက်အအုံကြီး ဖြစ်ပေါ်လာအောင် စီမံဆောင်ရွက်ပေးသည့် နိုင်ငံတော်အစိုးရ၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယနေ့ဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာန (ပန်းတနော်)အပါအဝင် ဗဟန်း၊ သံတွဲနှင့် နတ်မောက်မြို့တို့၌ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ်များကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့် လည်းကောင်း၊ မြစ်ကြီးနား၊ လားရှိုးနှင့် တောင်ကြီးမြို့တို့၌ လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသစ်များကို BOT စနစ်ဖြင့်လည်းကောင်း တည်ဆောက်ဖွင့်လှစ်ခဲ့ပါကြောင်း၊ လူထုအခြေပြုဗဟိုဌာနများသည် လူငယ်များ တွေ့ဆုံညှိနှိုင်းတိုင်ပင်ရန် အသင့်တော်ဆုံးနေရာများဖြစ်ပြီး လူငယ် Network ကျယ်ပြန့်လာသည်နှင့်အမျှ စုစည်းညီညွတ်မှုနှင့် စုပေါင်းဆောင်ရွက်မှု အားကောင်း၍ အနာဂတ်တွင် နိုင်ငံကို အကျိုးပြုမည့် လူငယ်ခေါင်းဆောင်များ မွေးထုတ်ပေးရာနေရာ ဖြစ်လာမည်ဖြစ်ပါကြောင်း။

**လာရောက်အသုံးပြု**

ပြည်သူများနှင့် လူငယ်များ အသိပညာ၊ ဗဟုသုတ ပြည့်စုံစေရေးအတွက် စရိတ်စက အသက်သာဆုံး၊ အချိန်ကုန်အသက်သာဆုံးနှင့် လက်လှမ်းမီလွယ်ကူသော ပညာရှာမှီးရာအရပ်သည် စာကြည့်တိုက်ပင်ဖြစ်ပါကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ပန်းတနော်မြို့ လူထုအခြေပြု ဗဟိုဌာနကို ပြန်ကြားရေးဝန်ကြီးဌာနအပြင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် စေတနာရှင် အလှူရှင်များက ဘက်ပေါင်းစုံမှ တတ်နိုင်သမျှဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်ရာ လူထုအခြေပြုဗဟိုဌာနသည် မြို့အင်္ဂါရပ်နှင့်အညီ အရေးပါသည့် နေရာ၊ အသိပညာ၊ ဗဟုသုတများ ရှာမှီးရာနေရာ၊ သတင်းအချက်အလက်များရှာဖွေရာနေရာ ဖြစ်လာအောင် ပြည်သူများအနေဖြင့် လာရောက်အသုံးပြုရန် တိုက်တွန်းဖိတ်ခေါ်ပြောကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ပန်းတနော်မြို့ မြို့မိမြို့ဖ ဦးတင်စိုးက ကျေးဇူးတင်စကားပြောကြားသည်။

စာမျက်နှာ ၅ သို့❖




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအနောက်တောင်တိုင်းစစ်ဌာနချုပ်တပ်နယ်မိသားစုများအတွက် DVB– T2 Set Top Box အလုံး ၁၀၀ ကို ပေးအပ်စဉ်။

# အသိပေးနှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဟာန္တယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ် မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄)ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက် (ကြာသပတေးနေ့) ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဗန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်(အင်္ဂါနေ့) ညနေပိုင်းတွင် ဗန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဗန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင် လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ ဘေးဘယ်ညာတွင် လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် -

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း

(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း

(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း

(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများက နဝကမ္မဝတ္ထု ငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်း လိုပါက ဗန်းမော်ကျောင်းတိုက်ရှိအလှူခံမဏ္ဍပ်တွင် လာရောက် လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည်-

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ် - ၀၉-၄၄၁၀၁၉၂၈၃

(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ် - ၀၉-၉၇၀၈၂၃၆၈၈

**အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနား**
**ကျင်းပရေးဦးစီးကော်မတီ**

❖ စာမျက်နှာ ၄ မှ

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက လူထုအခြေပြုဗဟိုဌာန အဆောက်အအုံတွင် လိုအပ်သော ပရိဘောဂပစ္စည်းများ၊ ကွန်ပျူတာပစ္စည်းများ ဝယ်ယူရန် ကူညီထောက်ပံ့ပေးသည့် ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း အား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအတွက် DVB-T2 Set Top Box အလုံး၁၀၀ကိုလည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် တပ်နယ်မိသားစုများအတွက် DVB-T2 Set Top Box အလုံး ၁၀၀ ကို အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ကြည်ခိုင်အားလည်းကောင်း၊ အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းပေးသော အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများအားလည်းကောင်း ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ကရင်တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးနှင့် တက္ကသိုလ်ပညာသင်ထောက်ပံ့ရေးဖောင်ဒေးရှင်းသို့ အလှူငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးတာဝန်ခံက လက်ခံရယူသည်။

ယခုဖွင့်လှစ်သည့် လူထုအခြေပြုဗဟိုဌာန အဆောက်အအုံသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ပဉ္စမမြောက် ဖွင့်လှစ်နိုင်ခဲ့သည့် အဆောက်အအုံဖြစ်ပြီး ပြည်သူ့စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ အစည်းအဝေးခန်းမ၊ အနုပညာခန်းမ၊ ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်း၊ ကလေးကစားခန်း၊ အားကစားခန်းမနှင့် ဘက်စုံသုံးခန်းမများ ပါဝင်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၅၈၂ ဒသမ ၆၀ သန်းဖြင့် တည်ဆောက်ခဲ့သည့် အဆောက်အအုံဖြစ်ကာ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အခမဲ့အသုံးပြုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာအဖြစ် မန္တလေးခရိုင်အတွင်းရှိ သံဃာတော်(၉၄)ပါးတို့အား ပင့်ဖိတ်၍ အမျှအတမ်းပေးဝေမည့် အခမ်းအနားနှင့် အန္တိမစျာပနပူဇာသဘင်အတွက် အလှူငွေများဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၄**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမစျာပနပူဇာအဖြစ် မန္တလေးခရိုင်အတွင်းရှိ သံဃာတော်(၉၄)ပါးတို့အား ပင့်ဖိတ်၍ အမျှအတမ်းပေးဝေမည့် အခမ်းအနားနှင့် အန္တိမစျာပနပူဇာသဘင်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ဗန်းမော်ကျောင်းတိုက်ရှိ အေးကမ္ဘာသာသနာ့ ဗိမာန်တော်ကြီး၌ ကျင်းပရာ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြုသော ဆရာတော်သံဃာတော်(၉၄)ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကိုကိုဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား လာရောက်ဖူးမြော်ကြည်ညိုကြသော ဒါယကာ ဒါယိကာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာသူများသည် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယကဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ဦးဆောင်၍ တိုင်းမှူးနှင့် တက်ရောက်လာသူများက အနိစ္စာဝတသင်္ခါရာ စသော သံဝေဂ(၃)ဂါထာကို ရွတ်ဆိုပွားများကြသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းမှူးနှင့် အလှူရှင်များက ကြွရောက်လာသော ဆရာတော် သံဃာတော်များအား အလှူငွေများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသ ဆရာတော် ဘုရားကြီးထံမှ သံဝေဂကထာတရား နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များနှင့် တက်ရောက်လာသူများက သဗ္ဗေသင်္ခါရာ အနိစ္စာ(၃)ဂါထာကို ရွတ်ဆိုပွားများကာ အခမ်းအနားကိုရုပ်သိမ်းခဲ့ပြီး တိုင်းမှူးနှင့် တက်ရောက်လာသူများက ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဗန်းမော်ဆရာတော်ဘုရားကြီး ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမစျာပနပူဇာသဘင် အခမ်းအနား ဆောင်ရွက်နေမှုအခြေအနေ၊ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ပင့်ဆောင်မည့် လမ်းကြောင်းတစ်လျှောက် ပြင်ဆင်ထားရှိမှုအခြေအနေ၊ ဥတုဇရုပ်ကလာပ်တော်အား တေဇောဓာတ်မီးပူဇော်မည့် အခမ်းအနားနှင့်စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ လောင်တိုက်ပြာသာဒ် တည်ဆောက်နေမှုအခြေအနေနှင့် သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇာသဘင် ကျင်းပမည့်နေရာတို့ကို လိုက်လံ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကျိုင်းတုံမြို့ စိန်ပန်းဓမ္မစကူးလ် အပတ်စဉ်ဗုဒ္ဓဘာသာသင်တန်းကျောင်း၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်၏ (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ အောင်လက်မှတ်များ ပေးအပ်ခြင်း၊ ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဇွန် ၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ စိန်ပန်းဓမ္မစကူးလ် အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းကျောင်း၏၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဖွင့်ပွဲနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းချုပ်၏ (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ အောင်လက်မှတ်များ ပေးအပ်ခြင်း၊ ဂုဏ်ပြုလက်မှတ်များနှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် စိန်ပန်းဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ သာသနာဝေပုလ္လကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူ ၃၂၀ နှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သာသနာဝေပုလ္လကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိဇယထံမှ ငါးပါးသီလ ခံယူဆောက်တည်ကာ ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သံသရာအေးကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တကောသလ္လထံမှ ဩဝါဒစကားနာယူကြပြီး စိန်ပန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ အဂ္ဂဝံသက စိန်ပန်းဓမ္မစကူးလ်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဓမ္မစကူးလ် ပညာသင်နှစ်စတင်ကြောင်း အထိမ်းအမှတ်အဖြစ် "မင်္ဂလာခေါင်းလောင်း" ဓမ္မတေးကဗျာကို ဖွင့်လှစ်သီဆိုကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အလှူရှင်များက စိန်ပန်းဓမ္မစကူးလ်ကျောင်းအတွက် အလှူငွေများအား ပေးအပ်ရာ စိန်ပန်းကျောင်းတိုက်ဆရာတော်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ အပတ်စဉ် ဗုဒ္ဓဘာသာသင်တန်းအား မေ ၇ ရက် တနင်္ဂနွေနေ့မှ စတင်ကာ အပတ်စဉ် တနင်္ဂနွေနေ့တိုင်း သင်ကြားပေးမည်ဖြစ်ပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် ပညာသင်နှစ် ပြီးဆုံးမည်ဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်မှ ကျင်းပခဲ့သည့် (၇၁)ကြိမ်မြောက် မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲတွင် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်များ၊ ဂုဏ်ပြုဆုများနှင့် အောင်လက်မှတ်များကို ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# “မိုခါ” မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၁)

မြင့်စိုး(နတလ)



စစ်တွေမြို့ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ပေးမည့် ရေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။

**ရခိုင်ဒေသ စစ်တွေခရီးစဉ်**

၂၀၂၃ ခုနှစ် မေလ ၁၉ ရက်နေ့ ၀၉:၂၅ နာရီ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးထံမှ တယ်လီဖုန်းဖြင့် ညွှန်ကြားချက်တစ်ခု လက်ခံရရှိခဲ့သည်။ ၁၀:၀၀ နာရီတွင် နေပြည်တော်လေဆိပ်မှ တပ်မတော်လေယာဉ်တစ်စင်း စစ်တွေသို့ ထွက်ခွာမည်၊ ခဏစောင့်ရန် ပြောထားပေးမည်၊ မီအောင် လိုက်သွားပါရန်ဟူ၍......။ နေပြည်တော်လေဆိပ်သို့ ကျွန်တော်ရောက်ပြီးမကြာမီ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်တို့ ရောက်လာကြသည်။ သူတို့လည်း အတူလိုက်ပါရမည်။ ဘာအတွက် စစ်တွေသို့ သွားရမည်ကို အထူးပြောရန်ပင် မလိုတော့ပါ။ မေလ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ စစ်တွေအပါအဝင် ရခိုင်ပြည်နယ်မြို့ရွာဒေသအများအပြားသည် “မိုခါ” မုန်တိုင်းဝင်ရောက်တိုက်ခတ်ခြင်းခံရသည်။ ရခိုင်ပြည်နယ်တွင် မြို့နယ် ၁၇ မြို့နယ်ရှိသည့်အနက် စစ်တွေ၊ ရသေ့တောင်၊ မင်းပြား၊ ပုဏ္ဏားကျွန်း၊ ပေါက်တော၊ ကျောက်တော်၊ မြောက်ဦးဒေသများက ထိခိုက်ပျက်စီးမှုများပြားပြီး အချို့မြို့နယ်များက ကံကောင်းထောက်မစွာ ထိခိုက်ပျက်စီးမှုနည်းခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ကြိုတင်ပြင်ဆင် စီမံလမ်းညွှန်ထားမှုများကြောင့် အသက်အန္တရာယ်ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်ခဲ့သည်ကိုမူ အားလုံးအသိပင်ဖြစ်သည်။

**နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ**

နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မေလ ၁၅ ရက်နေ့မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများလိုက်ပါ၍ စစ်တွေမြို့သို့ ရောက်ရှိခဲ့သည်။ အရေးပေါ် စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များ ပေးအပ်နိုင်ရေး လမ်းညွှန်မှာကြားခဲ့သည်။ ၎င်းပြင် ရခိုင်ပြည်နယ်အား ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မူလအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန်၊ အများပြည်သူ အများဆုံးအသုံးပြုသည့်လမ်းများကို ဦးစားပေး ရှင်းလင်းပေးရန်၊ လမ်းပန်းဆက်သွယ်ရေးကို အမြန်ဆုံးပြန်လည်ကောင်းမွန်အောင် ဦးစားပေးဆောင်ရွက်ရန်၊ ဆက်သွယ်မှုပြတ်တောက်ခဲ့သည့်ဒေသများတွင် ဆက်သွယ်မှုကွန်ရက်များ ပြန်လည်ကောင်းမွန်စေရေး အမြန်ဆုံးပြန်လည်ပြုပြင်ပေးရန်၊ အခြေခံပညာအထက်တန်းကျောင်းများအပါအဝင် ကျောင်းများအားလုံး ပြန်လည်ပြုပြင်ဆောင်ရွက်ရန်၊ ရေတွင်းရေကန်များသန့်ရှင်းမှုရှိစေရေး ရေသန့်ဆေးများ လိုက်လံခတ်ပေးရန်နှင့် ရေတွင်းရေကန်ပတ်ဝန်းကျင်များသန့်ရှင်းစေရေး ရေဆိုးရေညစ်များ အညစ်အကြေးများကို အမြန်ဆုံးရှင်းလင်းရန်တို့နှင့်စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည်။ ထိုနေ့မှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ငွေကျပ်သိန်းပေါင်း ၇၀၀၀၀ နှင့် ထောက်ပံ့ရေးပစ္စည်းများကိုပေးအပ်ခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူခဲ့သည်။

> **မိုးလေဝသသတင်းများအပေါ်အလေးထား၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုန်တိုင်းမကျရောက်မီကာလအတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့နယ်များရှိ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter များသို့ ဒေသခံပြည်သူ ၂၃၇၀၀ ကိုလည်းကောင်း၊ အခြားဘေးလွတ်ရာနေရာများသို့ ဒေသခံပြည်သူ ၆၂၆၄၉ ဦးကိုလည်းကောင်း ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။ IDP စခန်းများတွင် ရောက်ရှိနေသူများအနက် ၆၂၃၁၉ ဦးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့**

မိုးလေဝသသတင်းများအပေါ် အလေးထား၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှု၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မုန်တိုင်းမကျရောက်မီကာလအတွင်း စစ်တွေ၊ မြောက်ဦး၊ မောင်တော၊ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နှင့် အမ်းမြို့နယ်များရှိ သဘာဝဘေးဒဏ်ခိုလှုံရာ Shelter များသို့ ဒေသခံပြည်သူ ၂၃၇၀၀ ကိုလည်းကောင်း၊ အခြားဘေးလွတ်ရာနေရာများသို့ ဒေသခံပြည်သူ ၆၂၆၄၉ ဦးကိုလည်းကောင်း ပြောင်းရွှေ့ပေးနိုင်ခဲ့သည်။ IDP စခန်းများတွင် ရောက်ရှိနေသူများအနက် ၆၂၃၁၉ ဦးကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း သိရသည်။



ကူညီကယ်ဆယ်ရေးအဖွဲ့များက သစ်ပင်သစ်ကိုင်းများအား ရှင်းလင်းနေစဉ်။

**မုန်တိုင်းဒဏ်ကို ရင်ဆိုင်အန်တုခဲ့ရသည့် အုန်းပင်များ**

ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်အချိန်ကာလ၌ ရန်ကုန်မှတစ်ဆင့် စစ်တွေသို့ လေယာဉ်ဖြင့် အကြိမ်ပေါင်းများစွာ သွားလာခဲ့ဖူးသည်။ ထိုစဉ်က လေယာဉ်လမ်းကြောင်းသည် ဖရုံကာကျွန်းပေါ်မှ ဖြတ်မြဲ၊ ကျွန်တော်ကလည်း အနောက်ဖရုံကာကျွန်းပေါ်မှ ဆံတော်ရှင်စေတီကို ရည်မှန်း၍ ဦးခိုက်မြဲ၊ အလယ်ဖရုံကာကျွန်းပေါ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောက်လုပ်ပေးထားသော မြင့်ဂါ-ဖဒူကားလမ်းကို လှမ်း၍ကြည့်စမြဲ။ ထိုမှ ပင်လယ်ရေပြင်ကို နှိမ့်ဆင်းလိုက်ချိန်တွင် သာယာလှပသော စစ်တွေပို့ငွင့်နှင့် ကမ်းခြေက ကြိုဆိုနေမြဲဖြစ်သည်။

ယခုတစ်ခေါက်တွင်မူ တပ်မတော်လေယာဉ်သည် နေပြည်တော်မှထွက်၍လားမသိ၊ ဖရုံကာကျွန်းကို ကျွန်တော်ကြည့်ခွင့်မရတော့၊ လှပသော စစ်တွေပို့ငွင့်နှင့် ကမ်းခြေကလည်း ကြိုလင့်မနေတော့။ လေယာဉ်ပေါ်မှ လှမ်းမြင်နေရသော မြင်ကွင်းက စိတ်ချမ်းမြေ့ဖွယ်ရာမရှိ၊ အမိုးလန်နေသောအဆောက်အအုံများ၊ အကိုင်းအခက် အရွက်အလက်များ ကျိုးပြတ်လွင့်စဉ်ပြီး ထီးတည်းဖြစ်နေသော သစ်ပင်များ၊ အမြစ်မှပြိုလဲသွားသော သစ်ပင်ကြီးများ၊ မြေပြင်ပေါ်တွင် ပြန့်ကြဲနေသည့် သစ်တိုသစ်စ၊ သွပ်ပြားအပိုင်းအစများဖြစ်သည်။ ထူးခြားသည့်မြင်ကွင်းတစ်ခုမှာမူ မိုခါမုန်တိုင်းဒဏ်ကို ရင်ဆိုင်အန်တုခဲ့သည့် အုန်းပင်များအား မပြိုမလဲ မြင်တွေ့လိုက်ရခြင်းဖြစ်သည်။

ထိုမြင်ကွင်းနှင့်တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲ၏ စစ်တွေခရီးစဉ်၌ လမ်းညွှန်ချက်တစ်ခုကို အမှတ်ရမိသည်။ ယင်းလမ်းညွှန်ချက်မှာ

စာမျက်နှာ ၇ သို့ »»»

»» စာမျက်နှာ ၆ မှ

"ယခုမုန်တိုင်းတိုက်ခတ်ချိန်တွင် အုန်းပင်များ ပြိုလဲမှုမရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ရခိုင်ပြည်နယ်နှင့် ကမ်းရိုးတန်းဒေသများသို့ ရောက်ရှိသည့်အခါတိုင်းတွင် အုန်းပင်များနှင့် လမုပင်များသည် သဘာဝဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်သည့်အတွက် ကမ်းစပ်တစ်လျှောက်နှင့် ဒေသအတွင်း ဖြစ်နိုင်သမျှ အရေအတွက်များများ စိုက်ပျိုးထားရှိရန် တိုက်တွန်းမှာကြားခဲ့ကြောင်း၊ ယခုသဘာဝဘေးအန္တရာယ်တွင် တွေ့ကြုံခဲ့ရသည်များကို သင်ခန်းစာယူ၍ သဘာဝဘေးဒဏ်ခံနိုင်သည့် လေကာပင်များနှင့် အုန်းပင်များကို တိုးချဲ့စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း" လမ်းညွှန်မှာကြားခဲ့သည်။

**ကြီးကြပ်ကွပ်ကဲမှုခံယူ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဦးဆောင်သော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်း မုန်တိုင်းမဝင်ရောက်မီကာလကပင် လိုအပ်သည်များ ကြပ်မတ်ကွပ်ကဲ စီမံဆောင်ရွက်ပေးခဲ့သည်။ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မေလ ၁၇ ရက်နေ့တွင် စစ်တွေမြို့သို့ရောက်ရှိပြီး ရခိုင်ဒေသအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မေလ ၁၉ ရက်နေ့တွင် ပြန်လည်ထွက်ခွာခဲ့သည်။ မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံခဲ့ရသည့် ရခိုင်ဒေသမြို့ရွာများ ယခင်မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ပြန်လည်ထူထောင်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ ယင်းသို့ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုထိရောက် မြန်ဆန်သွက်လက်စေရေးအတွက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့က ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မုန်တိုင်းသင့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာ၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အလို့ငှာ တပ်မတော်အရာရှိကြီးများအား တာဝန်ပေးစေလွှတ်ခဲ့သည်။ ယင်းအရာရှိကြီးများ၏ မြို့နယ်အသီးသီးတွင် ဆောင်ရွက်ချက်များကိုလည်း ပြည်ထောင်စုဝန်ကြီးများက ကွပ်ကဲမှုယူ၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးတို့ကလည်း တပ်ပိုင်းဆိုင်ရာ



မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်မည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို တပ်မတော်သားများ သယ်ဆောင်ပေးနေစဉ်။

ကွပ်ကဲမှုနှင့် လိုအပ်သည့် ကူညီစောင့်ရှောက်မှုများ ပူးပေါင်းဆောင်ရွက်ပေးခဲ့သည်။

**ကော်မတီများဖွဲ့စည်းဆောင်ရွက်**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း၏ ဦးဆောင်မှုဖြင့် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ ဖွဲ့စည်းထားရှိပြီးဖြစ်ရာ သဘာဝဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့သည်။ အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုရုံး Command Post အား မေလ ၇ ရက်နေ့ကတည်းက ဖွင့်လှစ်ခဲ့ပြီး ခရိုင်ခုနစ်ခု၊ မြို့နယ် ၁၇ မြို့နယ်တွင်လည်း ဖွင့်လှစ်ခဲ့သည်။ သဘာဝဘေးအန္တရာယ်ခိုလှုံရာ Shelter များကိုဆောင်ရွက်ထားရှိခဲ့သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒေသခံပြည်သူများအား မြို့နယ်အလိုက် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ပြည်သူများ သဘာဝဘေးကြုံတွေ့ချိန်၌ အုပ်ချုပ်ထောက်ပံ့မှုများ ပေးနိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့ အရေးပေါ်ရန်ပုံငွေဖြင့် စားရေရိက္ခာနှင့် စက်သုံးဆီအပါအဝင် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ကြိုတင်ဝယ်ယူ ပြင်ဆင်ဆောင်ရွက်ခဲ့ကြသည်။

မိုခါမုန်တိုင်း ဝင်ရောက်တိုက်ခတ်ချိန်မှ ယနေ့အချိန်အထိလည်း ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသည့် ကော်မတီ(၆)ရပ်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ယင်းကော်မတီများမှာ စားရေရိက္ခာများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ စက်ယာဉ်ယန္တရားများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ စက်သုံးဆီနှင့် အထွေထွေလက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးပစ္စည်းများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ၊ တည်ဆောက်ရေးပစ္စည်းများ ထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီ၊ အလှူငွေများ လက်ခံထိန်းသိမ်းဖြန့်ဖြူးရေးလုပ်ငန်းကော်မတီတို့ဖြစ်သည်။

**"တပ်မတော်လေယာဉ်များ တစ်စင်းပြီးတစ်စင်း တက်ချည်ဆင်းချည်ဖြင့် လိုအပ်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်ပေးသကဲ့သို့ တပ်မတော်(ရေ)အနေဖြင့်လည်း စစ်ရေယာဉ် (မုတ္တမ)ကအစ ရေယာဉ်အစင်းပေါင်းများစွာဖြင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်လာခဲ့သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ လေယာဉ်များ၊ ရေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်ကြီးများ၊ ဖော်ကျွန်း၊ ဆန်းရှိုင်းတို့ကဲ့သို့ သင်္ဘောကြီးများကလည်း တာဝန်ကျေကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များအနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အင်အားများ ရာထောင်ချီ၍ စုဖွဲ့ရောက်ရှိလာကြပြီး လုပ်အားဒါနပြုနေကြသည်မှာ မြင်သူတိုင်းက သာဓုခေါ် ဝမ်းမြောက်ခဲ့ကြရ"**

**ဒုတိယဝန်ကြီးများ ရောက်ရှိတာဝန်ထမ်းဆောင်**

ရခိုင်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်ကြုံတွေ့ခဲ့ရပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ စစ်တွေမြို့သို့ ရောက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည်။

အထက်ဖော်ပြပါ ဝန်ကြီးဌာနအသီးသီးမှ ပြည်ထောင်စုဝန်ကြီးများသည်လည်း မိုခါမုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီးစအချိန်၌ စစ်တွေမြို့သို့ ရောက်ရှိ တာဝန်ထမ်းဆောင်ခဲ့ကြပြီးဖြစ်သည်။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ မုန်တိုင်းသင့်ဒေသများ၌ လမ်းပန်းဆက်သွယ်ရေးကအစပြု၍ တယ်လီဖုန်းဆက်သွယ်မှုလိုင်းများ အမြန်ပြန်လည်ကောင်းမွန်ရမည်။ ရေလမ်း၊ ကုန်းလမ်း၊ လေကြောင်းလိုင်းများ မြန်မြန်ပြန်ပွင့်ရမည်။ မီးလင်းရမည်၊ စာသင်ကျောင်းများ ဖွင့်ရမည်။ သာသနိကအဆောက်အအုံများနှင့် ဘုရားစေတီများ ပြန်လည်ပြုပြင်ရမည်၊ စိုက်ရေးပျိုးရေးလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရမည်၊ ပျက်စီးသွားသော လမ်းတံတားများ အမြန်ဆုံးပြန်လည်ပြုပြင်ကြရမည်၊ သန့်ရှင်းသော သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရမည်။ စားရေရိက္ခာများ ကူညီထောက်ပံ့ပေးနိုင်ရမည်။ ထိုသောအခါ တပ်မတော်(လေ)နှင့် တပ်မတော်(ရေ)တို့၏ အခန်းကဏ္ဍက အလိုလိုပါဝင်လာတော့သည်။ တပ်မတော်လေယာဉ်များ တစ်စင်းပြီးတစ်စင်း တက်ချည်ဆင်းချည်ဖြင့် လိုအပ်သည့် ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်ပေးသကဲ့သို့ တပ်မတော်(ရေ)အနေဖြင့်လည်း စစ်ရေယာဉ်(မုတ္တမ)ကအစ ရေယာဉ်အစင်းပေါင်းများစွာဖြင့် ရခိုင်ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ ပါဝင်လာခဲ့သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ လေယာဉ်များ၊ ရေယာဉ်များ၊ ပုဂ္ဂလိကရေယာဉ်ကြီးများ၊ ဖော်ကျွန်း၊ ဆန်းရှိုင်းတို့ကဲ့သို့ သင်္ဘောကြီးများကလည်း တာဝန်ကျေကြသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့များအနေဖြင့်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ အင်အားများ ရာထောင်ချီ၍ စုဖွဲ့ရောက်ရှိလာကြပြီး လုပ်အားဒါနပြုနေကြသည်မှာ မြင်သူတိုင်းက သာဓုခေါ် ဝမ်းမြောက်ခဲ့ကြရသည်။

(ဆက်လက်ဖော်ပြပါမည်)



စစ်တွေမြို့ဆိပ်ကမ်းသို့ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများကို မုန်တိုင်းဒဏ်သင့်ဒေသများသို့ ပို့ဆောင်ပေးမည့် ရေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ ရသေ့တောင်မြို့နယ်သို့ ပို့ဆောင်မည့် ဘက်စုံသုံးထွန်စက်များ တပ်မတော်ကမ်းထိုးရေယာဉ်များပေါ်သို့ တင်ဆောင်နေမှုကြည့်ရှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ ရေချမ်းပြင်ဆိပ်ကမ်း၌ တပ်မတော်ကမ်းထိုးယာဉ်များပေါ်သို့ ဘက်စုံသုံးထွန်စက်များ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ ဇွန် ၄**

မုန်တိုင်းဒဏ်သင့် ရခိုင်ပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို အနီးကပ်ကြီးကြပ်ရန် စစ်တွေမြို့၌ ရောက်ရှိနေသည့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာသက်သက်ခိုင်၊ ဦးအောင်သော်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့ နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် မုန်တိုင်းဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

**ပေးအပ်လှူဒါန်း**

အခမ်းအနားတွင် မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များ အသင်း(ရခိုင်ဇုန်) ငပလီဟိုတယ်လုပ်ငန်းရှင်များက အလှူငွေကျပ်သိန်း ၄၀၀ ကို ပေးအပ်လှူဒါန်းရာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် အဖွဲ့သည် ရေချမ်းပြင်ဆိပ်ကမ်းသို့ ရောက်ရှိပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနက ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အသုံးပြုရန် ပေးပို့ထားသည့် ဘက်စုံသုံးထွန်စက်များအနက်မှ ထွန်စက် ၁၄ စီးကို ရသေ့တောင်မြို့နယ်သို့ ပို့ဆောင်ရန် တပ်မတော်ကမ်းထိုးရေယာဉ်များပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့်ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေးပြန်လည် ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် တာဝန်ရှိသူများ စစ်တွေမြို့နယ် မှန်စီရွာသွားလမ်းပေါ်ရှိ ယာယီဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

အစည်းအဝေးတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က အဖွင့်အမှာစကား ပြောကြားပြီး လုပ်ငန်း ကော်မတီအလိုက် တာဝန်ရှိသူများနှင့် ဒုတိယဝန်ကြီးများက သဘာဝဘေးပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့်ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က လုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

တင်ပြ ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ပြည်သူများ အားဝေငှသည့်အစားအစာများကို သန့်ရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ရန်၊ လုပ်ငန်းသုံး စက်ပစ္စည်းများ စွမ်းအားပြည့် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန်၊ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးပစ္စည်းများ ရေယာဉ်/မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ရာတွင် အပျက်အစီး၊ အလေအလွင့် အနည်းဆုံးဖြစ်အောင် စနစ်တကျကြပ်မတ်တင်ဆောင်သွားရန်၊ ထောက်ပံ့မှုများဆောင်ရွက်ရာတွင် ဦးစားပေးအုပ်စုများ စာရင်းပြုစု သတ်မှတ်၍ ထောက်ပံ့သွားရန်၊ သဘာဝဘေးဒဏ်ကို အကာအကွယ်ပေးသည့် ဒီရေတောနှင့် အုန်းပင်များ ပြန်လည်စိုက်ပျိုးသွားရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။





ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များ အသင်း(ရခိုင်ဇုန်) ငပလီဟိုတယ်လုပ်ငန်းရှင်များက အလှူငွေလှူဒါန်းမှုကို လက်ခံရယူစဉ်။



အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေး ဆေးအဖွဲ့များက ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုပေးစဉ်။

**ကြည့်ရှုစစ်ဆေး**

ညနေပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် မှန်စီရွာသွားလမ်းပေါ်ရှိ ယာယီဘေလီသံပေါင်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မိုခါ မုန်တိုင်းဒဏ်ကြောင့် စစ်တွေမြို့ မှန်စီရွာသွားလမ်းပေါ်ရှိ အရှည်ပေ ၂၀ ကွန်ကရစ်တံတား ကမ်းကပ်ခုံ ကျိုးကျပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိစေရန် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ယာယီဘေလီသံပေါင်တံတားကို မေ ၃၀ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ယနေ့တွင် တည်ဆောက်ပြီးစီးဖြစ်သဖြင့် ပုံမှန်အတိုင်း ပြန်လည်သွားလာနိုင်ပြီ ဖြစ်ကြောင်းနှင့် ကျေးရွာငါးရွာမှ ပြည်သူများ၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး ကိစ္စရပ်များကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ ယနေ့ညပိုင်းတွင် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်၊ ဂီတ အစည်းအရုံးတို့မှ အနုပညာရှင်များက ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများ စိတ်အပန်းပြေစေရန် စစ်တွေကမ်းခြေ၌ တေးသီချင်းများဖြင့် လာရောက်ဖျော်ဖြေကြရာ ဒေသခံပရိသတ်များ ကမ်းခြေ၌ လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း တွေ့ရှိရသည်။

**စာမျက်နှာ ၉ သို့** ○

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်အဖွဲ့ဝင်များ ဘူးသီးတောင်တပ်နယ် ရင်း/ဖွဲ့များရှိ မိသားစုဝင်များအား တွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်၊ မုန်တိုင်းသင့်ပြည်သူများအား ဒံပေါက်ထမင်းဘူးများ ပေးဝေလှူဒါန်း

နေပြည်တော် ဇွန် ၄

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမိုးဇော်ထွန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် ဘူးသီးတောင်တပ်နယ်ရှိမုန်တိုင်းသင့်နယ်မြေခံတပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တပ်နယ်ခန်းမ၌ ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ၊ လူသုံးကုန်ပစ္စည်းများ၊ ဒံပေါက်ထမင်းဘူးများနှင့် ထောက်ပံ့ငွေများပေးအပ်ပြီး နယ်မြေခံတပ်ရင်းများတွင် ဆောင်ရွက်ထားရှိသော မွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့်အဖွဲ့ဝင်များသည် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံတွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားပြီး SKY NET မိသားစု၊ MLCA အသင်းချုပ်၊ MLCP အများပိုင် ကုမ္ပဏီလီမိတက်၊ မြန်မာ-အိန္ဒိယ-တရုတ် ချစ်ကြည်ရေးနှင့် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း(MICA)နှင့် ဘာသာစုံမိတ်ဆွေများ၏ ရက် ၃၀ စတုဒိသာအလှူတော်အစီအစဉ်ဖြင့် ချက်ပြုတ်လှူဒါန်းသော ဒံပေါက်ထမင်း/ ဟင်းလျာဘူးများ ပေးအပ်ကြသည်။

ထို့ပြင် တာဝန်ရှိသူများက စစ်တွေမြို့နယ် ဘောဒူဖနှင့် နာရီကန်ကျေးရွာ၊ ဆင်ကူးလမ်း၊ အောင်မင်္ဂလာ၊ အုန်းတစ်ပင်ရပ်ကွက်များမှ မုန်တိုင်းသင့်ပြည်သူများနှင့် ဗုဒ္ဓပြတိုက်နှင့် ခိုင်သဇင်ပန်းခြံတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသော မြန်မာနိုင်ငံ



ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် စေတနာ့ဝန်ထမ်းများကို ဒံပေါက်ထမင်း/ ဟင်းလျာဘူးများ လိုက်လံပေးဝေလှူဒါန်းကြကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၄

သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့ရသည့်ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဆေးကုသရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ စံပြရပ်ကွက်၌ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

ထို့ပြင် ဂူဝကျောင်းတိုက်၌ ကျောင်းဆောင်ပြိုကျနေသဖြင့် ပြန်လည်တည်ဆောက်နိုင်ရေး လိုအပ်သော ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် အမှိုက်များရှင်းလင်း



ပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မုန်တိုင်းသင့်ကျေးရွာများမှ ဒေသခံပြည်သူများအား စားသောက်ရေးအဆင်ပြေစေရန် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။

ထို့အတူ ကျောက်ဖြူမြို့သို့ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဆေးကုသရေးအဖွဲ့များနှင့်အတူ ပူးပေါင်း၍ ကျောက်ဖြူမြို့နယ်အတွင်းရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ဒေသခံပြည်သူများနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း(ကျောက်တော်)ရှိ ကျောင်းသား ကျောင်းသူများအား သောက်သုံးရေ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့်ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့်ပူးပေါင်းကာ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

○ စာမျက်နှာ ၈ မှ

မိုခါမုန်တိုင်းအလွန် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူလူထုအား အထူးကုဆေးအဖွဲ့များနှင့် အရေးပေါ်တုံ့ပြန်ရေးဆေးအဖွဲ့များ စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိရာ မေ ၁၆ ရက်မှ ဇွန် ၃ ရက်အထိ ပြည်သူ့ဆေးရုံကြီးများ၌ ပြင်ပလူနာ ၁၀၆၁၀၊ အတွင်းလူနာ ၂၀၂၀၉ ဦးနှင့် ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲများတွင် ပြသသည့်လူနာ ၅၁၃၃၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး ရေသန့်ဆေးခတ်ခြင်း ၃၉၈၅ ကြိမ်နှင့် ကျန်းမာရေးအသိပညာပေးခြင်း ၆၁၇၆ ကြိမ်တို့ကို ဆောင်ရွက်ပေးခဲ့သည်။

**ကွင်းဆင်းကုသပေးခဲ့**

ထို့ပြင် အထူးကုဆေးအဖွဲ့များ စေလွှတ်၍ ကွင်းဆင်းကုသပေးခဲ့သည့် လူနာဦးရေမှာ ရသေ့တောင်မြို့နယ်၌ ၁၉၁ ဦး၊ ကြို့တဲ(စစ်တွေ) ကျေးရွာ၌ ၃၉၄ ဦး၊ မင်းဂံ(စစ်တွေ) ရပ်ကွက်၌ ၂၉၄ ဦး၊ သက္ကယ်ပြင်ကျေးရွာ၌ ၅၈ ဦး၊ မင်းပြားမြို့နယ်၌ ၁၁၅၀၊ ကျောက်တော်မြို့နယ်၌ ၉၆၁ ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်၌ ၂၇၅ ဦး၊ ပေါက်တောမြို့နယ်၌ ၃၇၁ ဦး၊ မာန်အောင်မြို့နယ်၌ ၈၄၈ ဦး၊ ဘူးသီးတောင်မြို့နယ်၌ ၁၉၀ နှင့် မောင်တောမြို့နယ်၌ ၅၃၃ ဦး စုစုပေါင်း ၅၂၆၅ ဦး ဖြစ်ကြောင်း သိရသည်။

**ရာနှုန်းပြည့်ပြီးစီး**

ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းဒဏ်ကြောင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားရှိသည့် ရေငန်တားတာ ၃၂ ခုအနက် ခြံပြင်တာ(မောင်တော)၊ ကုလားပုန်း ကျွန်းပတ်တာ(မြောက်ဦး)၊ ငမန်းရဲကျွန်းတာ အပိုင်း ၁ နှင့် အပိုင်း ၂ (မြေပုံ)တို့မှာ ကျိုးပေါက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် အဆိုပါ ရေငန်တားတာ လေးခုကို စိုက်ပျိုးရာသီမတိုင်မီ ပြီးစီးရေးအတွက် စက်ယန္တရားများ အသုံးပြုကာ မေ ၂၁ ရက်မှ စတင်၍ ပြုပြင်ဆောင်ရွက်ခဲ့ရာ ဇွန် ၂ ရက်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်းနှင့် အဆိုပါ ရေငန်တားတာများ ကျိုးပေါက်မှုကို စိုက်ပျိုးရာသီမတိုင်မီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယင်းတာများ၏ ရေဘေးကာကွယ်ဧရိယာ ၁၇၇၀၆ ဧကအတွင်း စိုက်ပျိုးရန်လျာထားသည့် မိုးစပါးဧကနှင့် အခြားသီးနှံများ အောင်မြင်စွာ စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဇွန် ၂ ရက်က မောင်တောမြို့နယ် ခြံပြင်ရေငန်တားတာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။



ဇွန် ၂ ရက်က မြောက်ဦးမြို့နယ် ကုလားပုန်းကျွန်းပတ် ရေငန်တားတာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။




ဇွန် ၂ ရက်က မြေပုံမြို့နယ် ငမန်းရဲကျွန်းရေငန်တားတာ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးနေမှုကို တွေ့ရစဉ်။

# မြန်မာနိုင်ငံ၏ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းများဆိုင်ရာ သိကောင်းစရာ

ဒေါက်တာသီတာဝင်း
(ပြည်သူ့ကျန်းမာရေးဦးစီးဌာန)


ယနေ့ကမ္ဘာတစ်ဝန်းတွင် ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ နာတာရှည်အဆုတ်နှင့် အသက်ရှူလမ်းကြောင်းရောဂါများ စသည့် မကူးစက်နိုင်သောရောဂါ (Non–Communicable Diseases)များကြောင့် နှစ်စဉ်လူဦးရေ ၄၁ သန်းကျော် အသက်ဆုံးရှုံးနေရပြီး တစ်ကမ္ဘာလုံးတွင် သေဆုံးမှုအားလုံး၏ ၇၁ ရာခိုင်နှုန်းဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏အချက်အလက်များအရ ဝင်ငွေနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက် (၃၀) နှစ်နှင့် (၇၀) နှစ်ကြား သေဆုံးမှုအားလုံး၏ ၈၆ ရာခိုင်နှုန်းသည် မကူးစက်နိုင်သောရောဂါများကြောင့် အသက်ဆုံးရှုံးနေရကြောင်း လေ့လာတွေ့ရှိရသည်။ မြန်မာနိုင်ငံတွင်လည်း ၂၀၁၈ ခုနှစ်၌ ဆေးရုံ၊ ဆေးခန်းများတွင် ဖြစ်ပွားသော သေဆုံးမှု (Hospital Death) စုစုပေါင်း၏ သုံးပုံနှစ်ပုံခန့်သည် မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးနေရကြောင်း တွေ့ရှိရသည်။ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းတစ်ခုမှာ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းဖြစ်ပြီး ၎င်းသည် ရှောင်လွှဲ၍ ရသည့် ရောဂါဖြစ်ပွားစေသော အကြောင်းရင်းတစ်ရပ်ဖြစ်သည်။




**မြန်မာနိုင်ငံ၏ ဆေးလိပ်/ဆေးရွက်ကြီးအန္တရာယ်**

မြန်မာနိုင်ငံတွင် အရွယ်ရောက်ပြီးသူများ၏ ၅၄ ဒသမ ၄ ရာခိုင်နှုန်းသည် ဆေးလိပ်၊ ဆေးရွက်ကြီးတစ်မျိုးမျိုးကို သုံးစွဲနေကြပြီး ၂၆ ဒသမ ၁ ရာခိုင်နှုန်းမှာ လတ်တလော ဆေးလိပ်သောက်သုံးနေသူများဖြစ်၍ ၄၃ ဒသမ ၂ ရာခိုင်နှုန်းမှာ ဆေးရွက်ကြီးနှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ကွမ်းယာထဲတွင်ထည့်ကာ စားသုံးနေကြောင်း ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော စစ်တမ်းများအရ သိရသည်။ အသက်(၁၃)နှစ်နှင့်(၁၅)နှစ်ကြား ကျောင်းသားလူငယ်များအကြား စစ်တမ်းကောက်ယူခဲ့သည့် Global Youth Tobacco Survey (GYTS 2016) အရ ဆေးလိပ်သောက်သုံးသူ အမျိုးသား ၂၁ ရာခိုင်နှုန်း၊ အမျိုးသမီး နှစ်ရာခိုင်နှုန်းတွေ့ရှိရပြီး ဆေးရွက်ကြီးသုံးစွဲသူ အမျိုးသား ၁၁ ရာခိုင်နှုန်း၊ အမျိုးသမီး နှစ်ရာခိုင်နှုန်းကို တွေ့ရှိရသည်။

ကျောင်းသားလူငယ် သုံးဦးအနက် တစ်ဦးသည် နေအိမ်တွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်နေရပြီး ၁၀ ဦးအနက် သုံးဦးမှာ အများပြည်သူနှင့်သက်ဆိုင်သောနေရာများတွင် တစ်ဆင့်ခံဆေးလိပ်ငွေ့ကို ရှူရှိုက်နေရကြောင်း စိုးရိမ်ဖွယ်ရာ တွေ့ရှိရသည်။ ထို့အပြင် ကမ္ဘာ့လူငယ်များအကြားတွင် နီကိုတင်းနှင့် ဆေးရွက်ကြီး အီလက်ထရွန်နစ်ထုတ်ကုန်အသစ်တစ်မျိုးဖြစ်သည့် အီလက်ထရွန်နစ်စီးကရက်(Vape)များ သုံးစွဲမှုခေတ်စားလာသည်ကို တွေ့ရှိရသည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူဦးရေ ရှစ်သန်းကျော် အသက်ဆုံးရှုံးနေရပြီး ထိုအထဲမှ တစ်သန်းကျော်သည် တစ်ဆင့်ခံဆေးလိပ်ငွေ့ကြောင့်အသက်ဆုံးရှုံးနေရကာ အများစုမှာ အမျိုးသမီးနှင့် ကလေးငယ်များဖြစ်ကြသည်။




**E- စီးကရက်အန္တရာယ်**

E-စီးကရက် (အီလက်ထရွန်နစ်စီးကရက်) ဆိုသည်မှာ ပြန်လည်အားသွင်း၍ရသော သို့မဟုတ် တစ်ခါသုံးဘက်ထရီများကို အသုံးပြုထားသည့် လျှပ်စစ်ပစ္စည်းကိရိယာတစ်ခုဖြစ်ပြီး ယင်းတွင်ပါဝင်သော ဓာတုဆေးရည်ကို အပူပေးခြင်းဖြင့် ထွက်ရှိလာသည့်အငွေ့ရည်ကို သုံးစွဲသူက ပုံမှန်ဆေးလိပ်၊ စီးကရက်သောက်သကဲ့သို့ အဆုတ်တွင်းသို့ ရှူသွင်း၍ သောက်သုံးရသည်။ ဓာတုဆေးရည်များတွင် စွဲလမ်းစေတတ်သော နီကိုတင်းဓာတ်ပါရှိသည့်အပြင် သုံးစွဲသူများ (အထူးသဖြင့် လူငယ်များ) စွဲလမ်း၊ နှစ်သက်သွားစေရန်ရည်ရွယ်၍ အနံ့၊ အရသာများ ထည့်သွင်းထားပြီး သုံးစွဲသူများက မိမိတို့နှစ်သက်သော အနံ့၊ အရသာများကို ကြိုက်နှစ်သက်သလို ရွေးချယ်သုံးစွဲနိုင်သည်။ သုံးစွဲသူများအကြား(အထူးသဖြင့် လူငယ်များတွင်) E–စီးကရက်များသုံးစွဲခြင်းကို Vape သုံးခြင်း၊ ရှူခြင်း (Vaping)၊ ထုတ်ကုန်ပစ္စည်းနာမည်ကိုအစွဲပြု၍ ဂျူးလင်း (Juuling)ဟု ပြောဆိုတတ်ကြသည်။ E–စီးကရက်များသည် မန်မိုရီစတစ်၊ ကားသော့ စသည့်ပစ္စည်းများနှင့် ပုံသဏ္ဍာန်ဆင်တူခြင်းကြောင့် လူငယ်များအနေဖြင့် ယင်းအီလက်ထရွန်နစ်စီးကရက်များကို အခြားပစ္စည်းများနှင့် အလွယ်တကူ ရောနှောထား၍ရသည်။ E–စီးကရက်တွင် အန္တရာယ်ရှိသည့် ပစ္စည်းများဖြစ်သည့် နီကိုတင်း၊ ကင်ဆာဖြစ်စေနိုင်သည့် ဓာတုပစ္စည်းများ၊ သာမန်မျက်စိဖြင့်မမြင်နိုင်သည့် အမှုန်များ၊ အငွေ့ပြန်လွယ်သော အော်ဂဲနစ် ဒြပ်ပေါင်းများ၊ အဆုတ်ကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် ရနံ့၊ အရသာပေးသော ဓာတုပစ္စည်းများ၊ နီကယ်၊ သံဖြူ၊ ခဲသား စသည့်သတ္တုပစ္စည်းများ ပါဝင်သည်။

ယခုအချိန်အထိ ထွက်ပေါ်လာသော သုတေသနတွေ့ရှိချက်များအရ အီလက်ထရွန်နစ် နီကိုတင်းနှင့် ဆေးရွက်ကြီး ထုတ်ကုန်သစ်များသည် အောက်ပါအကျိုးဆက်များကို ဖြစ်စေပါသည်–

- ယခင်က ဆေးလိပ်သောက်ဖူးခြင်းမရှိသည့်သူများတွင်ပင် E–စီးကရက်ကို သုံးစွဲမိပါက (ပုံမှန်) ဆေးလိပ်သောက်သုံးသူ ဖြစ်သွားနိုင်ခြေ သုံးဆခန့်ပိုများသည်၊
- E–စီးကရက်များ သုံးစွဲခြင်းသည် အဆိပ်သင့်ခြင်း၊ စွဲလမ်းစေခြင်း၊ ထိခိုက်မိခြင်း၊ မီးလောင်ကျွမ်းခြင်း၊ အဆုတ်ထိခိုက်ခြင်းတို့အပြင် နောက်ပိုင်းတွင် ဆေးလိပ်သောက်သုံးသူများဖြစ်လာနိုင်စေသည်၊
- အီလက်ထရွန်နစ် နီကိုတင်းနှင့် ဆေးရွက်ကြီး ထုတ်ကုန်သစ်များသည် အိမ်တွင်းလေထုညစ်ညမ်းမှုကို ဖြစ်စေခြင်း၊ ပလတ်စတစ်နှင့် အဆိပ်သင့်ဓာတုပစ္စည်းများ စွန့်ပစ်မှုများပြားလာခြင်း၊ မီးလောင်ကျွမ်းမှုဖြစ်စေခြင်း စသည်တို့ကြောင့် သဘာဝပတ်ဝန်းကျင်အပေါ် ဆိုးကျိုးများ ဖြစ်စေသည်။

**ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်နေ**

မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုကြောင့် နှစ်စဉ်လူဦးရေ ၆၄၀၀၀ ခန့် ရောဂါများဖြစ်ပွား၍ အသက်ဆုံးရှုံးနေရပြီး ၂၀၁၆ ခုနှစ်တွင် နိုင်ငံတော်အနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ဖြစ်ပွားသော ရောဂါများအတွက် ကျန်းမာရေးအသုံးစရိတ် မြန်မာကျပ်ငွေ ၃၀၇ ဒသမ ၄ ဘီလီယံ အကုန်ကျခံခဲ့ရသည်။ အဆိုပါရောဂါများဖြစ်ပွားခြင်းကြောင့် အရွယ်မတိုင်မီသေဆုံးခြင်း၊ မသန်စွမ်းဖြစ်ခြင်းတို့ကြောင့် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး (GDP)၏ ၃ ဒသမ ၃ ရာခိုင်နှုန်းနှင့်ညီမျှသော မြန်မာကျပ်ငွေ ၂ ဒသမ ၆ ထရီလီယံခန့် ဆုံးရှုံးနေရကြောင်း ၂၀၁၈ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုကို လေ့လာသည့် သုတေသန (Investment Case Study)အရ သိရသည်။ ကပ်အသွင်ဖြစ်ပွားလာသည့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုသည် ပြည်သူ့ကျန်းမာရေးကို များစွာထိခိုက်စေပြီး ပြည်သူလူထုအား ဆင်းရဲတွင်း ပိုနက်စေရုံသာမက နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ ပြည့်မီရေးအတွက် ကြီးမားသော အဟန့်အတားတစ်ခုဖြစ်နေကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်(UNDP)၏ အစီရင်ခံစာများတွင် အတိအလင်းဖော်ပြထားပြီးဖြစ်သည်။

**မြန်မာနိုင်ငံသည် ဆေးရွက်ကြီးထိန်းချုပ်မှု အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံဖြစ်**

မြန်မာနိုင်ငံတွင် သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်မှစတင်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးကို အမျိုးသားကျန်းမာရေးစီမံကိန်းတွင် ထည့်သွင်း၍ ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဆေးရွက်ကြီးထိန်းချုပ်မှု အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (WHO Framework Convention on Tobacco Control – WHO FCTC) ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလတွင် လက်မှတ်ရေးထိုး၍ ၂၀၀၄ ခုနှစ် ဧပြီလတွင် (၁၁) နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့သည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုကြောင့် ကျန်းမာရေးထိခိုက်စေနိုင်ကြောင်း အများပြည်သူတို့ နားလည်သဘောပေါက်ပြီး ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုမှရှောင်ကြဉ်နိုင်စေရန်၊ ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ကို ဖန်တီးခြင်းဖြင့် အများပြည်သူတို့၏ ကျန်းမာရေးကိုထိခိုက်စေသည့် အန္တရာယ်မှ ကာကွယ်ရန်၊ ကလေးသူငယ်များအပါအဝင် အများပြည်သူတို့ကို ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းသောက်သုံးခြင်း အလေ့အထမှ တားဆီးကာကွယ်ခြင်းဖြင့် ကျန်းမာသော နေထိုင်မှုဘဝရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၆ ခုနှစ် မေလတွင် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေ ကို ပြဋ္ဌာန်းပြီး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆေးရွက်ကြီး သောက်သုံးမှုထိန်းချုပ်ရေးအတွက် အထိရောက်ဆုံးနည်းလမ်းများအဖြစ် အကြံပြုထားသည့် (MPOWER) လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

MPOWER ဆိုသည်မှာ –

- Monitor tobacco Use and Prevention Policies (M)
(ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုနှင့် သုံးစွဲမှုကာကွယ်လျှော့ချရေး အစီအမံများ၏ ထိရောက်မှုကို စောင့်ကြည့်ခြင်း)
- Protect people from exposure to tobacco smoke (P)
(အများပြည်သူကို ဆေးလိပ်မီးခိုးငွေ့ အန္တရာယ်မှ ကာကွယ်ပေးခြင်း)
- Offer help to quit tobacco (0)
(ဆေးလိပ်ဖြတ်ရန် အကူအညီပေးခြင်း)
- Warn about the Dangers of Tobacco (W)
(ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများ၏ အန္တရာယ်များအကြောင်း သတိပေးခြင်း)

စာမျက်နှာ ၁၁ သို့

❂ စာမျက်နှာ ၁၀ မှ

- Enforce Bans on Tobacco Advertising, Promotion and Sponsorship (E)
(ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ကြော်ငြာခြင်းနှင့် အရောင်းမြှင့်တင်ခြင်းတို့ကို တားမြစ်ပိတ်ပင်ခြင်းနှင့် ဆေးလိပ်/ဆေးရွက်ကြီး လုပ်ငန်းရှင်များ၏ ပံ့ပိုးကူညီမှုကို မယူခြင်း)
- Raise Taxes on Tobacco (R)
(ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း အပေါ် အခွန်များ တိုးမြှင့်ကောက်ခံခြင်း)

တို့ဖြစ်ပြီး လုပ်ထုံးလုပ်နည်းများကို အတိုကောက်အင်္ဂလိပ်စကားလုံးများဖြင့် သုံးနှုန်းထားခြင်းဖြစ်သည်။

**ဆေးရွက်ကြီးစိုက်ပျိုးခြင်းနှင့် ထုတ်လုပ်မှုသည် စားရေရိက္ခာမဖူလုံမှု (Food insecurity)ကို ပိုမိုဆိုးရွားစေ**

စားရေရိက္ခာမဖူလုံမှု (Food insecurity) ဆိုသည်မှာ လုံလောက်သောအစားအစာ သို့မဟုတ် အရည်အသွေးပြည့်မီသော အစားအစာများ မရှိနိုင်သည့်အခြေအနေကို ဆိုလိုခြင်းဖြစ်သည်။


ဒေသတွင်းပဋိပက္ခများနှင့် ရာသီဥတုဖောက်ပြန်မှုများသည် ကမ္ဘာ့စားရေရိက္ခာ အကျပ်အတည်းကို ပိုမိုကြီးထွားလာစေလျက်ရှိရာတွင် စိုက်ပျိုးသီးနှံရွေးချယ်မှုကဲ့သို့သော အခြေခံဒေါက်တိုင် အကြောင်းရင်းများကလည်း စားရေရိက္ခာလုံခြုံဖူလုံမှုအပေါ် အကျိုးသက်ရောက်မှု ရှိနေသည်။ စိုက်ပျိုးသီးနှံများအနက် ဆေးရွက်ကြီး စိုက်ပျိုးခြင်းသည် အောက်ပါအချက်များကြောင့် စားရေရိက္ခာမဖူလုံမှုကို ပိုမိုဆိုးရွားလာစေလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိပေးထားပါသည် -

- ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် မြေဟက်တာ ၃ ဒသမ ၅ သန်းခန့်သည် ဆေးရွက်ကြီး စိုက်ပျိုးမြေများအဖြစ်သို့ ပြောင်းလဲခံနေရပြီး ဆေးရွက်ကြီး စိုက်ပျိုးခြင်းကြောင့် တစ်နှစ်လျှင် ဟက်တာ ၂၀၀၀၀၀ ခန့် သစ်တောပြုန်းတီးမှု ဖြစ်ပွားလျက်ရှိသည်၊
- ဆေးရွက်ကြီးစိုက်ပျိုးရာတွင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာများ အလွန်အကျွံ သုံးစွဲရခြင်းကြောင့် မြေဆီလွှာပြုန်းတီးမှုကို ဖြစ်ပွားစေသည်၊
- ဆေးရွက်ကြီးပင်သည် ပေါက်ရောက်ရာမြေကြီး၏ မြေဆီဩဇာကို ခန်းခြောက်စေနိုင်သဖြင့် ထိုမြေတွင် အခြားကောက်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်းရန် မလွယ်ကူပါ၊
- ဆေးရွက်ကြီးစိုက်ခင်းများသည် မြေဆီလွှာပြုန်းတီးမှုကြောင့် သဲကန္တာရဖြစ်နိုင်ခြေ ပိုများသဖြင့် ပြောင်းစိုက်ပျိုးခြင်းနှင့် တိရစ္ဆာန်စားကျက်မြေများကဲ့သို့ အခြားသော စိုက်ပျိုးရေးလုပ်ငန်းများနှင့် နှိုင်းယှဉ်ပါက ဂေဟစနစ်ကို ပိုမိုပျက်စီးစေနိုင်သည်၊
- ဆေးရွက်ကြီးစိုက်ပျိုးမှုအတွက် နှစ်စဉ် ရေ ၂၂ ဘီလီယံမက်ထရစ်တန်ခန့် အသုံးပြုနေရသည့်အတွက် ကမ္ဘာ့ရေ အရင်းအမြစ်ရှားပါးလာမှုကို ပိုမိုဆိုးရွားစေသည်။

**ဆေးရွက်ကြီးတောင်သူများအား အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ပံ့ပိုးပေးရန်လိုအပ်**

ဆေးရွက်ကြီးစိုက်ပျိုးချိန်အတွင်း ပိုးသတ်ဆေးနှင့် အဆိပ်သင့်ဓာတုပစ္စည်းများကို အလွန်အကျွံ ထိတွေ့ကိုင်တွယ်ရခြင်းသည် တောင်သူများနှင့် ၎င်းတို့၏ မိသားစုဝင်များ ကျန်းမာရေးကိုထိခိုက်ချို့ယွင်းစေသည်။

ဆေးရွက်ကြီးအမြောက်အမြား စိုက်ပျိုးထုတ်လုပ်သူအများစုသည် အနိမ့်ဆုံးနှင့် အလယ်အလတ် ဝင်ငွေရှိသည့်နိုင်ငံများမှဖြစ်ကာ ၎င်းတို့ထဲမှ တစ်ဝက်ခန့်သည် အနိမ့်ဆုံးဝင်ငွေအပြင် စားရေရိက္ခာဖူလုံမှုမရှိသောနိုင်ငံများမှ ဖြစ်ကြောင်းကို သုတေသနလေ့လာမှုများအရ သိရသည်။ ဆေးရွက်ကြီးစိုက်ပျိုးရာတွင် အသုံးပြုသည့် မြေများကို စားသုံးသီးနှံများ အစားထိုးစိုက်ပျိုးခြင်းဖြင့် ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်-၂ ဖြစ်သည့် Zero Hunger (လုံးဝ ငတ်မွတ်မှုမရှိစေရ) ရရှိစေရန်အတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။




> **ဆေးရွက်ကြီးစိုက်ပျိုးခြင်းနှင့်စပ်လျဉ်း၍ ဆေးရွက်ကြီးစိုက်ပျိုးမှုမှရရှိသည့် အကျိုးအမြတ်သည် ဝင်ငွေနည်းပါးသောနိုင်ငံများ၌ ထိုသို့စိုက်ပျိုးခြင်းကြောင့် စားရေရိက္ခာထုတ်လုပ်မှုဖြစ်စဉ် ပျက်စီးဆုံးရှုံးရသည့်ပမာဏကို ပြန်လည်အစားထိုးနိုင်မည်မဟုတ်သဖြင့် ဆေးရွက်ကြီးစိုက်ပျိုးသူများက ဆေးရွက်ကြီးစိုက်ပျိုးမှုကို လျှော့ချ၍ အစားထိုးကောက်ပဲသီးနှံများနှင့် သီးပင်စားပင်များ စိုက်ပျိုးထုတ်လုပ်ရေးသို့ ကူးပြောင်းနိုင်ရေးအတွက် မူဝါဒများချမှတ်ပေးရန်နှင့် အစားထိုးသီးနှံများအတွက် ဈေးကွက်ဖော်ဆောင်ပေးရန် ဆောင်ရွက်ရမည့်အချိန်ကာလဖြစ်**

**ဆေးလိပ် ဆေးရွက်ကြီး တို့မလို၊ စားရေရိက္ခာကို သာလို**

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့တွင် ဆေးရွက်ကြီးတောင်သူများနှင့် ၎င်းတို့မိသားစုများက ပိုမိုကောင်းမွန်သော ဘဝအခြေအနေရရှိစေရန်အတွက် ကမ္ဘာတစ်ဝန်းရှိ အစိုးရများနှင့် မူဝါဒချမှတ်သူများအား ဆေးရွက်ကြီးအစားထိုး စားသုံးသီးနှံစိုက်ပျိုးနိုင်ရန်အတွက် ဥပဒေနှင့်သင့်လျော်သော မူဝါဒများ၊ မဟာဗျူဟာများကို ချမှတ်ဖော်ဆောင်ရန်နှင့် စားသုံးသီးနှံများ ရောင်းချနိုင်ရန်အတွက် ကောင်းမွန်သော ဈေးကွက်အခြေအနေများကို ဖော်ဆောင်ပေးပြီး သိရှိနိုးကြားလာကြစေရန် ရည်ရွယ်ကာ "We need food, not Tobacco" "ဆေးလိပ် ဆေးရွက်ကြီးတို့မလို၊ စားရေရိက္ခာကို သာလို" ဟူသော ဆောင်ပုဒ်ဖြင့် လှုံ့ဆော်အသိပေးထားသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (WHO Framework Convention on Tobacco Control–WHO FCTC)၏ အပိုဒ် ၁၇ တွင် အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းများအနေဖြင့် ဆေးရွက်ကြီးစိုက်ပျိုးသူများ၊ တစ်ဦးချင်းရောင်းချသူများနှင့် လုပ်သားများအတွက် စီးပွားရေးအရ အလားအလာရှိသော အစားထိုးလုပ်ငန်းများ မြှင့်တင်ရေးနှင့်ပတ်သက်သည့် အခြေခံမူများနှင့် မူဝါဒရွေးချယ်စရာများကိုလည်းကောင်း၊ အပိုဒ် ၁၈ တွင် သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ ကျန်းမာရေးကို မြှင့်တင်ခြင်းဆိုင်ရာ အခြေခံမူများနှင့် မူဝါဒရွေးချယ်စရာများကိုလည်းကောင်း ဖော်ပြထားသည်။ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဆိုပါပြဋ္ဌာန်းချက်များ အကောင်အထည်ဖော်ခြင်းကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည့် အချိန်ကာလဖြစ်သည်။

**ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးအတွက် ဆောင်ရွက်မှုများ**

ကျန်းမာရေးဝန်ကြီးဌာနသည် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများကို ၂၀၀၃ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် လက်မှတ်ရေးထိုးခဲ့သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဆေးရွက်ကြီးထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း (Framework Convention on Tobacco Control)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် ကြိုးစားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများသောက်သုံးမှုကြောင့် ကျန်းမာရေး ထိခိုက်စေနိုင်ကြောင်းကို အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် ရည်ရွယ်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ဖြစ်ပွားတတ်သောရောဂါများကို သတိပေးဖော်ပြသည့် "ဆေးလိပ်ထုပ်တွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်း ဆိုင်ရာအမိန့်" ကို အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် အမိန့်ထုတ်ပြန်ခဲ့သည်။ နိုင်ငံတကာအတွေ့အကြုံများ၊ သုတေသနအချက်အလက်များအရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီထုပ်ပိုး၍ ကျန်းမာရေး သတိပေးရုပ်ပုံနှင့်စာသားများပုံနှိပ်ဖော်ပြခြင်း(Standardized Packaging on Tobacco Products) သည် သောက်သုံးမှုကို ထိရောက်စွာ လျှော့ကျစေသည့်အပြင် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ဖြတ်တောက်သည့်နှုန်း (Quit Rate)ကို သိသာထင်ရှားစွာ မြင့်မားလာစေကြောင်း တွေ့ရှိလာရသည့်အတွက် ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျန်းမာရေးဝန်ကြီးဌာန၏ အမိန့်အမှတ် ၄၅၃/၂၀၂၁ ဖြင့် "ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေး ရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာအမိန့်" ကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးမှုကြောင့် ကျန်းမာရေးထိခိုက်နိုင်ကြောင်းကို အများပြည်သူများ နားလည်သဘောပေါက်ကာ ရှောင်ကြဉ်နိုင်စေရန်နှင့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှု ဖြတ်တောက်လာကြစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနအပါအဝင် အခြားနှီးနွယ်ဝန်ကြီးဌာနများ ပူးပေါင်း၍ သတင်းစာ၊ ရုပ်မြင်သံကြား၊ ရေဒီယို စသည့်မီဒီယာများမှတစ်ဆင့်လည်းကောင်း၊ ပိုစတာနှင့် လက်ကမ်းစာစောင်များ ထုတ်လုပ်ဖြန့်ဝေ၍လည်းကောင်း ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများကို အစဉ်တစိုက်ဆောင်ရွက်ခဲ့သည်။

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေးလုပ်ငန်းများအတွက် စိန်ခေါ်မှုများ**

ဆေးလိပ်နှင့် ဆေးရွက်ကြီးကုမ္ပဏီများသည် လက်ဟောင်းစီးကရက်ထုတ်ကုန်များ တင်ပို့၊ ရောင်းချမှုများအပေါ် ကန့်သတ်မှုများကြောင့် E-စီးကရက်၊ ရှီရှားရေပြောင်း (Shesha)နှင့် ဆေးရွက်ကြီးကို အပူပေးထားသောကိရိယာ (Heated Tobacco Products – HTP) စသော ထုတ်ကုန်ပစ္စည်းအသစ်များကို ထုတ်လုပ်၊ တင်ပို့၊ ရောင်းချလာကြသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ခန့်တွင် အဆိုပါထုတ်ကုန်သစ်များကို ရောင်းချလျက်ရှိပြီး သုံးစွဲသူဦးရေ အထူးသဖြင့် လူငယ်များသုံးစွဲမှုသည် တိုးပွားလျက်ရှိသည်။ အဆိုပါပစ္စည်းများကို ရည်ရွယ်ချက်ရှိရှိဖြင့် အမျိုးအစားကွဲပြားစုံလင်စွာ ထုတ်လုပ်ခြင်းကြောင့် အမျိုးအစားခွဲခြားသတ်မှတ်ရန် ခက်ခဲသဖြင့် ထိန်းချုပ်ရေးနည်းလမ်းများ ချမှတ်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရှိနေသည်။ ထို့အပြင် ထိုကုန်ပစ္စည်းများကို ဆေးလိပ်၊ ဆေးရွက်ကြီး ထိန်းချုပ်ရေးဥပဒေပါ ထိန်းချုပ်မှုများနှင့် အကျုံးမဝင်သည့် ကုန်စည်များအဖြစ်အသွင်ယူ၍ ဈေးကွက်ချဲ့ထွင်လျက်ရှိသည်။ ထို့ကြောင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုးကျိုးများကို ဖြစ်ပေါ်စေသည့် အီလက်ထရွန်နစ် နီကိုတင်းနှင့် ဆေးရွက်ကြီးထုတ်ကုန်အသစ်များအတွက် လိုအပ်သော ထိန်းချုပ်မှုများကို ချမှတ်လုပ်ဆောင်ရမည့် အချိန်ကာလဖြစ်သည်။

ဆေးရွက်ကြီးစိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ဆေးရွက်ကြီးစိုက်ပျိုးမှုမှရရှိသည့် အကျိုးအမြတ်သည် ဝင်ငွေနည်းပါးသောနိုင်ငံများ၌ ထိုသို့စိုက်ပျိုးခြင်းကြောင့် စားရေရိက္ခာထုတ်လုပ်မှုဖြစ်စဉ် ပျက်စီးဆုံးရှုံးရသည့်ပမာဏကို ပြန်လည်အစားထိုးနိုင်မည်မဟုတ်သဖြင့် ဆေးရွက်ကြီးစိုက်ပျိုးသူများက ဆေးရွက်ကြီးစိုက်ပျိုးမှုကို လျှော့ချ၍ အစားထိုးကောက်ပဲသီးနှံများနှင့် သီးပင်စားပင်များ စိုက်ပျိုးထုတ်လုပ်ရေးသို့ ကူးပြောင်းနိုင်ရေးအတွက် မူဝါဒများချမှတ်ပေးရန်နှင့် အစားထိုးသီးနှံများအတွက် ဈေးကွက်ဖော်ဆောင်ပေးရန် ဆောင်ရွက်ရမည့် အချိန်ကာလဖြစ်သည်။

သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာနေနိုင်ရေး၊ ရောဂါဘယကင်းရှင်းရေးနှင့် ကျန်းမာသော မျှော်မှန်း လူ့သက်တမ်းတိုးမြှင့်လာစေရေး ရည်မှန်းချက်များကို ရရှိစေရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးကို နီးနွယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ကျန်းမာရေးဆိုးကျိုးများစွာပေးနိုင်သည့် ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကို ရှောင်ရှားရန် လိုအပ်သကဲ့သို့ ဆေးရွက်ကြီး စိုက်ပျိုးသူတောင်သူများအနေဖြင့်လည်း ဆေးရွက်ကြီး အစားထိုးစားသုံးသီးနှံများနှင့် အကျိုးပြုစက်မှုသီးနှံများ စိုက်ပျိုးလာနိုင်ကြစေရန် ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပံ့ပိုး ဆောင်ရွက်ပေးကြရန်လိုအပ်သည်။ သို့မှသာ ပြည်သူလူထုအတွင်း မကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားသေဆုံးမှုကို ၂၀၂၅ ခုနှစ်တွင် သုံးပုံတစ်ပုံ လျှော့ချခြင်းကို အထောက်အကူပြုမည်ဖြစ်ကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် ၁၂ ရပ်အနက် စီးပွားရေးဦးတည်ချက်ပါ "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေး" နှင့် လူမှုရေးဦးတည်ချက်ပါ "နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး"တို့ကို အမြန်ဆုံး တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

**ရည်ညွှန်းကိုးကား**

1. WHO Fact sheet on World No Tobacco Day(2023)
2. Myanmar STEPS survey(2014)
3. Myanmar Investment Case Study(2018)
4. WHO Framework Convention on Tobacco Control

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး ရွှာင်မြို့ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းအား ကွင်းဆင်းကြည့်ရှု



ရွှာင် ဇွန် ၄

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ဇွန် ၂ ရက် မွန်းလွဲ ၁ နာရီက ရွှာင်မြို့ ခံတောကျေးရွာရှိ X-ray စစ်ဆေးရေးဂိတ်ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်းသို့ သွားရောက်ကြည့်ရှုရာ ရှင်းလင်းဆောင်ခန်းမတွင် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း တည်ဆောက်ရေး(၇) ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးညွန့်ဌေးက ဆည်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ တင်ပြချက်နှင့်စပ်လျဉ်း၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးရန်၊ ရေသိုလှောင်ရမည့် ပမာဏနှင့်ကိုက်ညီအောင် ဆောင်ရွက်ပေးရန်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်အတွင်း လှည့်လည်ကြည့်ရှု၍ ရေအားလျှပ်စစ်ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာင်မြို့တွင် MSMEs အသေးစား၊အလတ်စား၊ အငယ်စား ဒေသထွက်ကုန်ပစ္စည်း ထုတ်လုပ်နေသော ဉာဏ်ကြီးရှင်ကော်ဖီလုပ်ငန်းအဆင့်ဆင့်ထုတ်လုပ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ ပြည်နယ်(ပြန်/ဆက်)

# ၂၀၂၃ ခုနှစ် အာဆီယံ မိတ်ဖက်မီဒီယာပူးပေါင်းဆောင်ရွက်ရေးဖိုရမ် တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ



ရန်ကုန် ဇွန် ၄

တရုတ်နိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့တွင် ဇွန် ၆ ရက်မှ ၈ ရက်အထိ ကျင်းပမည့် "၂၀၂၃ ခုနှစ် အာဆီယံမိတ်ဖက်မီဒီယာပူးပေါင်း ဆောင်ရွက်ရေးဖိုရမ်" (2023 ASEAN Partners Media Cooperation Forum)သို့ တက်ရောက်ရန် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

အဆိုပါ ဖိုရမ်ကို တရုတ်-အာဆီယံ မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး တည်ထောင်ခြင်း နှစ် (၂၀)ပြည့် အထိမ်းအမှတ်၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း (Belt and Road Initiative – BRI) (၁၀)နှစ်ပြည့် အထိမ်းအမှတ်တို့ကို ရည်ရွယ်ပြီး တရုတ်ဗဟိုအသံနှင့် ရုပ်မြင်သံကြားဌာန (China Media Group – CMG) နှင့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအစိုးရတို့ ပူးပေါင်း၍ စီစဉ်ကျင်းပခြင်းဖြစ်သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့်အတူ ဦးစီးအရာရှိဦးဇော်သက်ထွန်း၊ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ CEO ဒေါ်နန်းမောက်လောဝ်ဆိုင်းနှင့် GM ဒေါ်တင်ဌေးဦးတို့ လိုက်ပါသွားကြကြောင်း သိရသည်။

သတင်းစဉ်

# နည်းပညာတက္ကသိုလ်(တောင်ငူ)၌ မဟာအင်ဂျင်နီယာဘွဲ့နှင့် အင်ဂျင်နီယာဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ



တောင်ငူ ဇွန် ၄

ပဲခူးတိုင်းဒေသကြီး နည်းပညာတက္ကသိုလ်(တောင်ငူ)၌ သတ္တမအကြိမ်မြောက် မဟာအင်ဂျင်နီယာဘွဲ့နှင့် (၁၈)ကြိမ်မြောက် အင်ဂျင်နီယာဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နည်းပညာတက္ကသိုလ်(တောင်ငူ)မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာတင်ဝင်းမွန်က အမှာစကားပြောကြားသည်။

အဆိုပါဘွဲ့နှင်းသဘင်အခမ်းအနားတွင် မဟာအင်ဂျင်နီယာဘွဲ့ မြို့ပြ သုံးဦး၊ အီလက်ထရောနစ် နှစ်ဦး၊ လျှပ်စစ်စွမ်းအား သုံးဦး၊ စက်မှု သုံးဦး စုစုပေါင်း မဟာအင်ဂျင်နီယာဘွဲ့ရရှိသူ ၁၁ ဦးနှင့် အင်ဂျင်နီယာဘွဲ့ (မြို့ပြ) ၄၇ ဦး၊ အီလက်ထရောနစ် ၃၆ ဦး၊ လျှပ်စစ်စွမ်းအား ၄၄ ဦး၊ စက်မှု ၅၆ ဦး စုစုပေါင်း အင်ဂျင်နီယာဘွဲ့ရရှိသူ ၁၈၃ ဦး ဖြစ်ရာ ယနေ့တွင်ဘွဲ့ရရှိသူစုစုပေါင်း ၁၉၄ ဦးအား ဘွဲ့လက်မှတ်များ အပ်နှင်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## ကျောင်းတော်သွားစို့ ဖော်ချင်းရေ

❖ ကျော်မောင်၊ အောင်နိုင် နွဲ့နွဲ့ဝင်း
လဲ့လဲ့သင်းနဲ့ တင်မောင်ရွှေ၊
❖ အောင်ရင်၊ မောင်ကြင် တင်အောင်သန်းနဲ့
ခင်အောင်၊ မောင်စန်း တင်မာဝေ၊
❖ အေးချို၊ ထွေးညို အောင်ကျော်ထူးနဲ့
အောင်ဘော်၊ ပေါ်ဦး ဝင်းအောင်ရေ၊
❖ ခင်မောင်၊ တင်ဆောင် နှင်းနှင်းဖွေးနဲ့
သင်းသင်းထွေးတို့ လာကြဟေ၊
❖ ငွေရီ၊ ရွှေကြည် ခင်မောင်ဝင်းနဲ့
တင်အောင်လင်းတို့ စောင့်ကြိုနေ၊
❖ မွှေးတင်၊ ထွေးခင် ယဉ်ယဉ်ထွန်းနဲ့
ပြင်ဆင်လွန်းတဲ့ သက်ထားဆွေ၊
❖ စန်းဌေး၊ မွှေးသာ ပါးကွက်ကျားနဲ့
ခင်သက်ထားတို့ လာပြီလေ၊
❖ ကျောင်းသွားဖော်တွေ စုံပြီလားဟေ့
စုံရင်သွားစို့ တို့တစ်တွေ၊
❖ လမ်းတစ်လျှောက်မှာ အဖော်များနဲ့
ပျော်ပျော်ပါးပါး ပြုံးပန်းဝေ၊
❖ ပညာရိပ်မြို တို့ခိုမှီးဖို့
ကျောင်းတော်ကြီးက ဆီးကြိုနေ၊
❖ ငါတို့ကျောင်းတော် သာစခန်းက
ပညာပန်းများ ရောင်စုံဝေ၊
❖ ပညာပန်းတွေ ကြူကြူမွှေးကို
ပန်ဆင်ပေးလို့ ယဉ်တယ်လေ၊
❖ ပညာပန်းပန် အလှဆန်းလို့
ဘဝလမ်းက ဖြောင့်တန်းနေ၊
❖ ဘဝလမ်းမှာ မတိမ်းစောင်းဖို့
ထိန်းကျောင်းပေးတဲ့ ပညာတွေ၊
❖ ပညာပန်းတွေ ရအောင်ခူးလို့
ပျော်ပျော်မြူးမြူး ဆင်မြန်းလေ၊
❖ ပညာပန်းတွေ ဝန်းရံထားတဲ့
ကျောင်းတော်သွားစို့ ဖော်ချင်းရေ။
ဖော်ချင်းရေ...၊ဖော်ချင်းရေ...။ ။

ရေနံ့သာမောင်ကျော်ညွန့်

[၁.၆.၂၀၂၃ ရက်နေ့ ကျောင်းဖွင့်စနေ့ နံနက်ခင်းတွင်ကျောင်းသားကျောင်းသူများအချင်းချင်းနာမည်အော်ခေါ်ကာ ကျောင်းတက်သွားနေကြသည့်ကြည်နူးချမ်းမြေ့စရာမြင်ကွင်းကို ခံစားရေးဖွဲ့ခြင်းဖြစ်ပါသည်။]

# တရုတ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာရင်းနှီးမြှုပ်နှံမှု ယခုနှစ် ပထမလေးလအတွင်း ၁၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်

ပေကျင်း ဇွန် ၄

တရုတ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း သိသိသာသာမြင့်တက်မှုရှိခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

တရုတ်နိုင်ငံ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ယခုနှစ် ပထမလေးလအတွင်း တရုတ်ယွမ် တစ်ထရီလီယံ(အမေရိကန်ဒေါ်လာ ၁၄၀ ဒသမ ၈ ဘီလီယံခန့်)ရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း တရုတ်နိုင်ငံ သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ပြောသည်။

အထူးသဖြင့် ရေလမ်းကြောင်းဖွံ့ဖြိုးမှုအတွင်း ရင်းနှီးမြှုပ်နှံမှုသည် တစ်နှစ်ထက်တစ်နှစ် ၂၉ ဒသမ ၈ ရာခိုင်နှုန်းတိုးမြင့်လာခဲ့ပြီး ယွမ် ၅၆ ဘီလီယံအထိ ဝင်ငွေမြင့်တက်မှုရှိခဲ့သည်။ ထို့ပြင် ရင်းနှီးမြှုပ်နှံမှုပမာဏ ယွမ် ၇၈၆ ဒသမ ၁ ဘီလီယံခန့်ကို လမ်းဖောက်လုပ်ရေးတွင် အသုံးပြုခဲ့ရာ တစ်နှစ်ထက်တစ်နှစ် ၁၄ ဒသမ ၅ ရာခိုင်နှုန်း တိုးမြင့်လာခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ဧပြီလတစ်လတည်းမှာပင် သယ်ယူပို့ဆောင်ရေးကဏ္ဍဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုသည် ယွမ် ၃၁၅ ဘီလီယံရှိခဲ့ခြင်းကြောင့် ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ၁၃ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်






# အိန္ဒိယနိုင်ငံ၌ ရထားနှစ်စင်းမတော်တဆတိုက်မိမှုကြောင့် သေဆုံးသူ ၂၈၈ ဦးအထိ မြင့်တက်လာ

နယူးဒေလီ ဇွန် ၄

အိန္ဒိယနိုင်ငံ၌ ဇွန် ၂ ရက်က ရထားနှစ်စင်း မတော်တဆတိုက်မိမှုကြောင့် သေဆုံးသူ ၂၈၈ ဦးအထိ မြင့်တက်လာကြောင်း ယနေ့သတင်းများအရ သိရသည်။

နိုင်ငံအရှေ့ပိုင်းရှိဩဒိရှာပြည်နယ်၌ အမြန်ရထားတစ်စင်းလမ်းချော်ပြီး ဆန့်ကျင်ဘက်ရထားလမ်းမှလာသည့် အမြန်ရထားတစ်စင်းကို ဝင်ရောက်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ဆိုသည်။

ရထားတိုက်မိမှုဖြစ်စဉ်ကြောင့် သေဆုံးသူ ၂၈၈ ဦးအထိ မြင့်တက်လာပြီး ၉၀၀ ခန့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မီးရထားအာဏာပိုင်များက ဆိုသည်။

ဝန်ကြီးချုပ် မိုဒီက အခင်းဖြစ်ပွားရာနေရာသို့ ဇွန် ၃ ရက်တွင် သွားရောက်ခဲ့သည်။ ဒဏ်ရာရရှိသူများ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ဆေးရုံများသို့ သွားရောက်ကာ အားပေးစကားများပြောကြားခဲ့သည်။ အဆိုပါဖြစ်စဉ်တွင် သေဆုံးသူများ၏ မိသားစုဝင်များကိုလည်း ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည်ပေါင်း ၂၁၀၆ ဦး အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

ကဘူးလ် ဇွန် ၄

အီရန်နိုင်ငံမှ စစ်ဘေးရှောင် အာဖဂန်ဒုက္ခသည်ပေါင်း ၂၁၀၆ ဦးသည် ယမန်နေ့တွင် မွေးရပ်မြေ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း အာဖဂန်ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ဆောင်ရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

အာဖဂန်ဒုက္ခသည်ပေါင်း ၂၁၀၆ ဦးသည် အီရန်နိုင်ငံ၌ နှစ်အနည်းငယ်ကြာ ဒုက္ခသည်အဖြစ် နေထိုင်ခဲ့ပြီး လက်ရှိတွင် အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိပြီဖြစ်ကြောင်း အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြသည်။

အလားတူ မေ ၃၁ ရက်တွင် အီရန်မှ အာဖဂန်ဒုက္ခသည်ပေါင်း ၂၈၀၀ နီးပါး ပြန်လည်ရောက်ရှိခဲ့ကြောင်းလည်း ယင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ဇန်နဝါရီလမှစပြီး အီရန်နိုင်ငံမှ နေရပ်သို့ ပြန်လည်ရောက်ရှိလာသူပေါင်း ၆၀၀၀၀ နီးပါးရှိပြီဖြစ်ကြောင်း သိရသည်။

အာဖဂန်ဒုက္ခသည် ၂ ဒသမ ၅ သန်းကျော်သည် အီရန်နိုင်ငံ၌ နေထိုင်လျက်ရှိပြီး အဆိုပါဒုက္ခသည် အရေအတွက်သည်လည်း ပါကစ္စတန်နိုင်ငံ၌ နေထိုင်လျက်ရှိကြောင်း သိရသည်။


အာဖဂန်နစ္စတန်အစိုးရက နိုင်ငံရပ်ခြားတွင် နေထိုင်လျက်ရှိသည့် အာဖဂန်ဒုက္ခသည်များကို နေရပ်ပြန်ရန်နှင့် နိုင်ငံပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီကြရန် တောင်းဆိုထားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်



# ယခုနှစ် ဇွန် ၃ ရက်တွင် အီဂျစ်နိုင်ငံ၏ လူဦးရေ ၁၀၅ သန်းအထိ ရောက်ရှိလာ



ကိုင်ရို ဇွန် ၄

အီဂျစ်နိုင်ငံ၏ လူဦးရေသည် ယခုနှစ် ဇွန် ၃ ရက်တွင် လူဦးရေ ၁၀၅ သန်းအထိ ရောက်ရှိလာခဲ့ကြောင်း နိုင်ငံ၏ စာရင်းအင်းအေဂျင်စီက ရရှိသည့်အချက်အလက်များအရ သိရသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာ ၁ ရက်အထိ ကာလအတွင်းက အီဂျစ်နိုင်ငံ၏ လူဦးရေသည် ၁၀၄ သန်းရှိကြောင်းနှင့် ယင်းသို့အီဂျစ်နိုင်ငံ၏ လူဦးရေ တိုးတက်လာခဲ့ခြင်းကြောင့် အာရပ်ဒေသတွင် လူဦးရေအများဆုံးဖြစ်သည့် အီဂျစ်နိုင်ငံသည် ရှစ်လအတွင်း လူဦးရေတစ်သန်းအထိ တိုးလာခြင်းကို ဖော်ညွှန်းနေကြောင်း အီဂျစ်နိုင်ငံ ပြည်သူ့စည်းရုံးရေးနှင့် စာရင်းအင်းဗျူရိုအေဂျင်စီက ပြောကြားသည်။

ပြီးခဲ့သည့်နှစ်အနည်းငယ်အတွင်းကမူ အီဂျစ်နိုင်ငံသည် လူဦးရေမြင့်တက်မှုကိုလျှော့ချရန် ဖြေရှင်းချက်များရရှိရေး ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မတ်လအတွင်းကလည်း အီဂျစ်အစိုးရအနေဖြင့် အသက် ၂၁ နှစ်နှင့် ၄၅ နှစ်အကြား အိမ်ထောင်ပြုပြီး အမျိုးသမီးများအား ကလေးနှစ်ဦးထက် ပိုမမွေးပါက နှစ်စဉ် အီဂျစ်ပေါင် ၁၀၀၀(အမေရိကန် ဒေါ်လာ ၃၂ ဒသမ ၄၂ ဒေါ်လာ) ပေးအပ်မည်ဖြစ် ကြောင်း ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းကလည်း သမ္မတ အယ်လ်စီစီသည် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် စီးပွားရေးပြဿနာများကို ကိုင်တွယ်ဖြေရှင်းရန် မိသားစုဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်အတွင်းကလည်း အီဂျစ်နိုင်ငံအနေဖြင့် ရေရှည်တည်တံ့သော သန္ဓေတားနည်းများကို အခမဲ့ပံ့ပိုးပေးသည့် ကျယ်ကျယ်ပြန့်ပြန့် မဟာဗျူဟာတစ်ရပ်ကို ချမှတ်ခဲ့ကြောင်းလည်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁ ရက် ညနေ ၃ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်တွင် ဝမ်ကျောက်လုံ ကျေးရွာမှ ဆေခမ်းရပ်ကွက်သို့ စိုင်းရဲန်ကျောက် မောင်းနှင်လာသည့် Toyota Crown ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ညနေ ၃ နာရီခွဲတွင် စိတ်ပြောင်းဆေးဝါး (Happy Water)များ သယ်ဆောင်ရောင်းဝယ်ရာတွင် ပူးပေါင်းပါဝင်သူ အိုက်ရီကို Toyota Crown ယာဉ်နှင့်အတူ ဆက်လက်ဖမ်းဆီးရမိခဲ့ပြီး ည ၉ နာရီတွင် အိုက်ရီ နေထိုင်သည့် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဟိုခိုကျေးရွာရှိ နေအိမ်မှ ဆေးခြောက် ၇၀၀ ဂရမ် ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်း ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၄၆၀၀ ကျော်တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး (Happy Water) ၄ ဒသမ ၂ ကီလို၊



စိုင်းရဲန်ကျောက်နှင့် အိုက်ရီတို့ကိုသိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

ဆေးခြောက် ၇၀၀ ဂရမ် သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

နေပြည်တော် ဇွန် ၄

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၂၆ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ကော့သောင်းမြို့ တော်ဝင်တံတား၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်ကြေညာထားသည်ထက် ပိုမိုတင်ဆောင်လာသည့် Yellow Corn ၃၀၀၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၃၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မေ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က ဝေါမြို့နယ်အကျော် PUMA ဆီဆိုင်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးအား စိစစ်၍ ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Mosquito Net ၄၅၀ ကီလိုဂရမ်နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော Washing Powder ၂၅၀၀ ကီလိုဂရမ်အပါအဝင် လူသုံးကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၈၂၇၁၂)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၈၂၇၁၂) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ ဇွန် ၁ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကန့်ဘလူမြို့နယ် မြို့မရဲစခန်းမှ ဒုရဲအုပ် ဦးဆောင်သော ပူးပေါင်းအဖွဲ့က ကင်းလှည့်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကန့်ဘလူမြို့ အမှတ်(၃) ရပ်ကွက် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံအနီး၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် နွားထီး ၁၇ ကောင်နှင့် ကျွဲထီးငါးကောင် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့် အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က သာကေတမြို့နယ် ရွှင်းသာလမ်းမကြီးပေါ် ရေတပ်လိုင်းခန်းအနီး၌ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် Toyota Crown ယာဉ်တစ်စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၎င်းအပြင် ဇွန် ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Osaka National Rice Cooker ၁၃၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head ယာဉ်တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင်နှင့် FDA ထောက်ခံချက်လိုအပ်သောပစ္စည်းများဖြစ်သည့် Cheese Emulco ၁၅၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၃၀၀၀၀)ကိုလည်းကောင်း၊ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် Agular Tone Hammer ၁၀ ဒသမ ၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၉၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၅၇၀၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မေ ၂၆ ရက်၊ ၃၁ ရက်နှင့် ဇွန် ၁ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၄၈၅၂၇၁၂)ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၅-၆-၂၀၂၃ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ တောရှုတ်သုတ်၊ အနန္တရာယ်ကင်း ပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ' (၂၀၂၃ခုနှစ်၊ မေလ)(စတုတ္ထပိုင်း)
- ၀၉:၂၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ 'ဆယ်ကျော်သက်မလေးမြင့်မြင့်ကြူမှသည် အကယ်ဒမီမြင့်မြင့်ခိုင်ဆီသို့' (အပိုင်း-၃)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး' (အပိုင်း-၁၉)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ကျေးဇူးရှင်'
- ၁၆:၃၅ မျိုးဝုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၅ 'သတင်းသမားပြောတဲ့သတင်းစကား'
- ၁၇:၃၀ This Week's Special Interest
- ၁၇:၄၀ 'ထိန်းသိမ်းစောင့်ရှောက်ကြရမည့် အဖိုးတန်သယံဇာတများ'
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ New Future Program
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ 'သံစဉ်ချိုမြမြန်မာတေးအလှ'
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တံကြွမှာမုန်တိုင်း' (အပိုင်း-၆)

### mitv

- 07:01 Evergreen Classic:Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:09 Let's go to Hlawga Nature Park
- 07:30 Pride of Myanmar - Bagan arts and handicrafts
- 07:45 A Way of Life: Aikido
- 08:01 News
- 08:28 Asia Updates: The New Southern Silk Road (China - Myanmar Chapter) Part-5
- 08:54 World Environment Day
- 09:01 Exploring Migratory Birds at Moe Yun Gyi Sanctuary
- 09:42 Discovering Tribes: Akha- Their Life and Customs (Part-1)
- 10:01 News
- 10:27 Topical Topics
- 10:31 Myanmar Puppeteers (Tha Nge Taw Dance)
- 11:01 Myanmar Masterclass: Still Life (glass)
- 11:07 Myanmar Delicate Artistic Creations - Gem Stone Painting

### MRTV NRC

- **ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)** မြင်းဘွာရွက်၏ဆေးဖက်ဝင်အစွမ်းထက်မှုများ
- **မွန် (၀၇:၀၀ မှ ၀၉:၀၀)** မွန်ဘာသာစကားပြောကြရအောင်
- **ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)** လက်ဝဲသလုံးတော်ဓာတ်စေတီအကြောင်း
- **ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)** 'တိုင်းလုံ' ရှမ်းကြီးတိုင်းရင်းသားတို့၏ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ
- **ဝ (၁၃:၀၀ မှ ၁၅:၀၀)** ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၃)
- **ကချင် (၁၅:၀၀ မှ ၁၇:၀၀)** စာနာစိတ်လေးထားစေချင် (ဇာတ်လမ်း)
- **ကယား (၁၇:၀၀) မှ (၁၉:၀၀)** ကယားရိုးရာဝက်သားနဲ့ဗက်ခါးရွက်ဝါးမီးကင်
- **ဝကကကရင် (၁၉:၀၀ မှ ၂၀:၀၀)** မိုးဦးကျအချိန် တားရှာချက်ကြမယ်
- **အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၉)
- **အရှေ့ပိုးကရင် (၂၁ :၀၀ မှ ၂၂:၀၀)** သံတောင်ကြီးမြို့သို့အလည်တစ်ခေါက်
- **ချင်း (လိုင်ဇို) (၂၂:၀၀ မှ ၂၃:၀၀)** တောင်ဖလပ်ရဲ့ရှိုးရာအလှ(အပိုင်း-၁)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကိုယ်နှင့်မဆိုင်သော်လည်း'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်
- ၁၁:၀၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၁)
- ၀၆:၀၀ Economic review (တရုတ်ပြည်မှသင်ယူရမည့်အချက်များ)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ စပါးသီးနှံသုတေသနဗဟိုဌာန၏ သုသေသနခရီးစဉ်
- ၀၇:၀၀ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၀၇:၁၅ ဝါသုသေသနဌာနမှသည် လုပဆော အနာဂတ်များဆီ
- ၀၈:၀၀ တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့် ဘဝရှင်သန်ခြင်း
- ၀၉:၂၀ လုပကျန်းမာသောသီးနှံများနှင့်မြို့ထိလာ

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေ့ရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို ဝနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံး ပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ပျဉ်ပုံကြီးကျေးရွာနေ အာကာမင်းဦး(ခ)KG သည် ၎င်းအသုံးပြုသည့် “Akar Minn Oo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်း(မြောက်)ရပ်ကွက်နေ အောင်နိုင်စန်းသည် ၎င်းအသုံးပြုသည့် “Aung Naing San” Facebook အကောင့်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၀၆)ရပ်ကွက်နေ မြင့်မောင်(ခ)ကိုနီသည် ၎င်းအသုံးပြုသည့် “Ko Ni” Facebook အကောင့်၊ မင်္ဂလာဒုံမြို့နယ် ရွာမရပ်ကွက်နေ မျိုးမင်းညီ (ခ) သူရသည် ၎င်းအသုံးပြုသည့် “Thura” Facebook အကောင့်နှင့် သာကေတမြို့နယ်၊ ၄/တောင်ရပ်ကွက်နေ ချစ်ဦးဝေသည် ၎င်းအသုံးပြုသည့် “Chit Oo Wai” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ် ညောင်ကုန်း(၅)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၄

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ ပညာရေးကဏ္ဍ မြင့်မားတိုးတက်စေရန်နှင့် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာရရှိနိုင်စေရန်အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး စာသင်ကျောင်းများကို ဇွန် ၁ ရက်မှစတင်၍ ဖွင့်လှစ်သင်ကြားပေးစေလျက်ရှိသည်။

သို့ရာတွင် CRPH၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် အကြမ်းဖက်မှုလုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇွန် ၃ ရက် ည ၁၁ နာရီခန့်တွင် PDF အမည်ခံအကြမ်းဖက်သမားများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ညောင်ကုန်း အမှတ်(၅)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့ လာရောက်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် အဆိုပါကျောင်းဝင်းအတွင်းရှိ အလျားပေ ၂၁၀၊ အနံ ပေ ၃၀၊ အမြင့် ၂၂ ပေခန့်ရှိ အခန်း ရှစ်ခန်းပါ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း တစ်ထပ်ကျောင်းဆောင် တစ်ဆောင် မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့်



အဆိုပါကျောင်းသည် ဇွန် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကာ ဆရာ ဆရာမ ၄၀၊ ကျောင်းသား ကျောင်းသူ ၁၀၅၈ ဦးဖြင့် ဖွင့်လှစ်ပညာသင်ကြားလျက်ရှိသည်။

ယခုကဲ့သို့ အနာဂတ်လူငယ်လူရွယ်များ ပညာသင်ကြားမှုများ



မပြုလုပ်နိုင်စေရန်ရည်ရွယ်၍ မီးရှို့ဖျက်ဆီးခဲ့သူများအား အမြန်ဆုံး ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# အသားကဏ္ဍဖွံ့ဖြိုးလာစေရေး၊ ပြည်တွင်းစားသုံးမှုဖူလုံရေးနှင့် ပြည်ပတင်ပို့မှုတိုးတက်ရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပုဂ္ဂလိက မွေးမြူရေးခြံများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အဖွဲ့သည် ငါးဆူတောင် ပုဂ္ဂလိက ဝက်မွေးမြူရေးခြံ၏ စပ်မျိုးဝက်သားဖောက်ခြင်း၊ မျိုးဖြန့်ခြင်း လုပ်ငန်းများနှင့် ဝက်ချေးမှ Bio Gas ထုတ်လုပ်ပြီး လျှပ်စစ်ဓာတ်အား သုံးစွဲဆောင်ရွက်နေမှု အခြေအနေနှင့် ထောက်ကြံ့ရှိ ကောင်းထက်အဆင့်မြင့် မွေးမြူရေး အစာနှင့် ကုန်ကြမ်း၊ မွေးမြူရေးတိရစ္ဆာန် အစာစပ်စက်ရုံ၊ ဥစားကြက်ပေါက်၊ အသားစားကြက်ပေါက်များ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ကြည့်ရှုအားပေးကြရာ မွေးမြူရေးလုပ်ငန်းရှင် ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက မိသားစု တစ်ပိုင်တစ်နိုင် မွေးမြူခြင်းမှ စီးပွားဖြစ်မွေးမြူထုတ်လုပ်သော လုပ်ငန်းရှင်များပေါ်ထွန်းလာစေရေးအတွက် ဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက လက်တွဲကူညီအားပေးရန် လိုအပ်ချက်များ၊ မွေးမြူထုတ်လုပ်ရောင်းချမှုဆိုင်ရာ တန်ဖိုးကွင်းဆက်တစ်လျှောက် ဟန်ချက်ညီဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ကြရန် လိုအပ်ချက်များ၊ ဇီဝလုံခြုံရေးဆိုင်ရာများနှင့် အာဟာရပြည့်ဝသည့် အသားငါးစားနပ်ရိက္ခာများ ထုတ်လုပ်နိုင်ရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် တိရစ္ဆာန်အစာကို သင့်တင့်သောဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် Myanmar Seafood Liited Co.,Ltd. ၏ အအေးခန်းစက်ရုံနှင့် Ocean Pacific Co.,Ltd. ၏အအေးခန်းစက်ရုံများ၏ ငါးပုစွန် ပြုပြင်ထုတ်လုပ်၍ ပြည်တွင်းပြည်ပ ဈေးကွက်များသို့ တင်ပို့ရောင်းချနေမှုအခြေအနေ၊ အင်းစိန်မြို့နယ်ရှိစိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးဌာနခွဲ၏ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သွားရောက်ကြည့်ရှုရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက HACCP စနစ်နှင့် ညီညွတ်သည့် ထုတ်ကုန်အရည်အသွေးဖြစ်စေရေး၊ အစားအစာဘေးကင်းလုံခြုံမှုအပေါ် ယုံကြည်မှုရှိစေရန် ရေထွက်ပစ္စည်း ထုတ်လုပ်မှုများကို နိုင်ငံတကာ၏ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်ရန်လိုအပ်ချက်များ၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ကို အခြေခံဆောင်ရွက်၍ အပြည်ပြည်ဆိုင်ရာ သီးနှံကာကွယ်ရေး စံချိန်စံညွှန်းများနှင့်အညီ



စိုက်ပျိုးရေးထွက်ကုန်များကို တင်ပို့တင်သွင်းနိုင်ရေးအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် စိစစ်ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်ချက်များနှင့် ပိုးသတ်ဆေး တင်သွင်းထုပ်ပိုး ဖြန့်ဖြူးခြင်းလုပ်ငန်းများအပေါ် တည်ဆဲဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကြပ်မတ်ထိန်းသိမ်းရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစားအစာ ဘေးကင်းလုံခြုံပြီး အာဟာရပြည့်ဝသော အသားထုတ်လုပ်မှုတိုးမြှင့်ရေး၊ ပြည်တွင်းအသားစားသုံးမှု ဖူလုံရေးနှင့် ပြည်ပတင်ပို့မှု တိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မွေးမြူရေးတောင်သူများ၏ နည်းပညာ အပါအဝင် လိုအပ်ချက်များ ဖြည့်ဆည်းကူညီပေးနိုင်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၃၇၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၄**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခု တစ်ပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၅ ရက်မှ ဇွန် ၁၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ကျပ် ၃၇၉၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၅-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၂၅ | ၁၉၇၅ | ၁၉၆၅ | ၁၉၃၅ | ၁၉၇၀ | ၁၉၉၅ | ၁၉၈၀ | ၁၉၆၀ | ၂၀၅၅ | ၂၀၇၀ | ၁၉၆၅ | ၁၉၇၅ | ၂၀၁၀ | ၂၀၁၀ | ၂၀၁၅ | ၂၂၄၀ | ၂၇၀၀ |
| 95 Ron | ၂၀၃၅ | ၂၀၈၅ | ၂၀၈၀ | ၂၀၄၀ | ၂၀၈၀ | ၂၁၀၅ | ၂၀၉၀ | ၂၀၆၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၇၀ | ၂၀၉၀ | ၂၁၂၀ | ၂၁၂၀ | ၂၁၂၀ | ၂၃၅၀ | ၂၈၀၅ |
| HSD (500 ppm) | ၁၈၄၀ | ၁၈၉၀ | ၁၈၈၅ | ၁၈၅၀ | ၁၈၉၀ | ၁၉၁၀ | ၁၉၁၀ | ၁၈၇၅ | ၁၉၉၅ | ၁၉၉၀ | ၁၈၈၀ | ၁၈၉၅ | ၁၉၂၅ | ၁၉၃၀ | ၁၉၃၀ | ၂၁၆၀ | ၂၈၀၅ |
| HSD (50 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၅ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |
| HSD (10 ppm) | ၁၉၂၀ | ၁၉၇၀ | ၁၉၆၅ | ၁၉၃၀ | ၁၉၇၀ | ၁၉၉၀ | ၁၉၉၀ | ၁၉၅၅ | ၂၀၇၅ | ၂၀၇၀ | ၁၉၆၀ | ၁၉၇၅ | ၂၀၀၅ | ၂၀၁၀ | ၂၀၁၀ | ၂၂၄၀ | ၂၈၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၂၂ | ၁၈၉၂ |
| 95 Ron | ၁၉၂၇ | ၁၉၉၉ |
| HSD (500 ppm) | ၁၇၄၆ | ၁၈၁၀ |
| HSD (50 ppm) | ၁၈၁၉ | ၁၈၈၅ |
| HSD (10 ppm) | ၁၈၁၉ | ၁၈၈၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၁၉ စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၈၀,၅၇၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၉,၁၇၅) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၁၆၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦးရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# သဘာဝဘေးသင့်ဒေသများနှင့် အခြားရေရှားပါးကျေးရွာများတွင် ဆိုလာစွမ်းအင်သုံး ရွှေ့လျားရေသန့်စင်စက်များ ဆောင်ရွက်ပေးသွားမည်

**နေပြည်တော် ဇွန် ၄**

သဘာဝဘေးသင့် ဒေသများ၊ အခြားရေရှားပါး ကျေးရွာများအတွက် ဆိုလာစွမ်းအင်သုံးဖြင့် ရွှေ့လျား ရေသန့်စင်စက်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ရုံးအမှတ် (၃၆)၌ ကျင်းပသည်။


အစည်းအဝေးသို့ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် သဘာဝဘေးသင့်ခဲ့သော ဒေသများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိရေး ရွှေ့လျားရေသန့်စင်ကားများ၊ LikeStraw ရေသန့်စင်စက်များဖြင့် မိမိတို့ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆက်လက်၍ သဘာဝဘေးသင့်ဒေသများ၊ အခြားရေရှားပါး ကျေးရွာများ အတွက်လည်း ဆိုလာစွမ်းအင်သုံး ရွှေ့လျား ရေသန့်စင်စက်များ ဖြန့်ဝေပေးနိုင်ရေး ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် အစည်းအဝေးသို့ တက်ရောက် လာသူများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ တာဝန်ရှိသူများက သဘာဝဘေးသင့်ဒေသများနှင့် အခြားရေရှားပါး ကျေးရွာများတွင် ဆောင်ရွက်ပေးမည့် ဆိုလာစွမ်းအင်သုံး ရွှေ့လျားရေသန့်စင်စက် သရုပ်ပြလည်ပတ်မှု အခြေအနေကို ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဗဟန်းမြို့နယ်၌ အစိုးရနိကာယ်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ဖြေဆို

**ရန်ကုန် ဇွန် ၄**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်တွင် ၁၃၈၅ ခုနှစ် အစိုးရနိကာယ်စာမေးပွဲစတုတ္ထနေ့ကို ယနေ့မွန်းတည့် ၁၂ နာရီ မှ ညနေ ၄ နာရီအထိ ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ကြားတောရလမ်းနှင့် ကမ္ဘာအေးဘုရားလမ်းထောင့်ရှိ ရွှေကျင်ဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အစိုးရနိကာယ်စာမေးပွဲတွင် စာရင်းရှိ ရဟန်း ၅၈ ပါး၊ သီလရှင် ၄၈ ပါး စုစုပေါင်း ၁၀၆ ပါးတွင် ဖြေဆိုရဟန်း အပါး ၃၀၊ သီလရှင်အပါး ၃၀ စုစုပေါင်း အပါး ၆၀ ရှိကြောင်း သိရသည်။

စာဖြေသံဃာတော်များကို ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များက အချိုရည်ဘူးနှင့် ရေသန့်ဘူးများကို ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ သံဃာတော်များစိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စာမေးပွဲကြီးကြပ်ရေးအဖွဲ့သြဝါဒစရိယဆရာတော်ကြီးများ၊ အထူးကြီးကြပ်ရေးအဖွဲ့ဆရာတော်များ၊ စာဖြေဌာနကြီးကြပ်ရေးအဖွဲ့ ဆရာတော်များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ အစိုးရနိကာယ်စာမေးပွဲကို ဇွန် ၁ ရက်မှ၅ ရက်အထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် တွံတေးခရိုင်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများအား ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၄**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရန်ကုန်တောင်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာ၊ မြောက်ပိုင်းခရိုင် လျှပ်စစ်အင်ဂျင်နီယာနှင့် တာဝန်ရှိသူများနှင့်အတူ ဇွန် ၃ ရက်တွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်(၁) ညောင်ရွာ ဓာတ်အားခွဲရုံသစ် တည်ဆောက်မည့် မြေနေရာသို့ ကွင်းဆင်းစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်ရေး၊ ဓာတ်အားခွဲရုံနှင့် Switch Yard ဒီဇိုင်းများ အတည်ပြုနိုင်ရေး စစ်ဆေးမှာကြားသည်။



ဆက်လက်၍ ဆိပ်ကြီးခနောင်တိုမြို့နယ် ပန်းပင်ချောင် 5MVA ခွဲရုံအသစ် ပြီးစီးမှု အခြေအနေ၊ ဆိပ်ကြီးခနောင်တို 10MVA ခွဲရုံနှင့် မြို့မ 2MVA ခွဲရုံတို့မှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးနေမှု အခြေအနေများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ ဓာတ်အားပြတ်တောက်မှု လျှော့နည်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းရေး၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေးတို့အတွက် အသေးစိတ် မှာကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ကော့မှူးမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ ကွမ်းခြံကုန်းမြို့နယ် လျှပ်စစ်မန်နေဂျာရုံး၊ တွံတေးမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ဒလမြို့နယ် လျှပ်စစ်မန်နေဂျာရုံးများသို့ သွားရောက်စစ်ဆေး၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဓာတ်အားခကြွေးကျန် ကျဆင်းရေး၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး၊ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့ပြီး ကော့မှူး ဓာတ်အားခွဲရုံသစ်နှင့် ဒလဓာတ်အားခွဲရုံသစ်များ တည်ဆောက်မည့် မြေနေရာများအား ကြည့်ရှုစစ်ဆေးသည်။

ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွမ်းခြံကုန်းမြို့နယ်ရှိ ကွမ်းခြံကုန်းမြို့ရှောင်လမ်း တည်ဆောက်ရာတွင် မလွတ်ကင်းသည့် ၃၃ ကေဗွီနှင့်၁၁ ကေဗွီဓာတ်အားလိုင်းများအား ၁၅ မီတာ ဓာတ်တိုင်များ အသုံးပြုလျက် လွတ်ကင်းအောင် ရွှေ့ပြောင်းတည်ဆောက်ထားမှုကို သွားရောက်စစ်ဆေးကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ကြေးမုံ**



ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ လွယ်တိန်ခမ်းတောင်ပေါ်ရှိ ရပ်တော်မူဘုရား၏ အရှေ့တောင်ဘက်မြေကွက်လပ်တွင် မူဆယ်ခရိုင်သစ်တောဦးစီးဌာန၏ ကြီးမှူးစီစဉ်ဆောင်ရွက်မှုဖြင့် မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ဇော်မိုးနှင့် ဌာနဆိုင်ရာများက ဇွန် ၄ ရက်တွင် စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ ခရိုင်(ပြန်/ဆက်)

# လယ်ဝေးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေး



**လယ်ဝေး ဇွန် ၄**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးမြို့နယ်ရုံးမှ ဝန်ထမ်းများသည် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်း၍ ပန်းခင်း(၂) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီး ဆောင်ရွက်ပေးလျက်ရှိသည်။

ယမန်နေ့နံနက်ပိုင်းတွင် လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာအုပ်စု ပတ္တာကျေးရွာမှ ပြည်သူ ၂၇ ဦးနှင့် စံဝါအောင်း (အ.လ.က၊ ခွဲ) မှ ကျောင်းသား ကျောင်းသူ ၅၀ စုစုပေါင်း ၇၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေးနေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လယ်ဝေးခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သက် လာရောက်ကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၂ ရက် နံနက် ၇ နာရီခွဲက ပန်းတောင်းမြို့နယ် တောင်ဘို့ကြီးကျေးရွာအနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ်(၁၃၂)နှင့်(၁၃၃)အကြား၌ ကျင်းပရာ ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဝင်းနှင့် ဌာနဆိုင်ရာများက ပျိုးပင် ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြစဉ်။ အောင်မြင့်(ပန်းတောင်း)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့




# စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ ရယူနိုင်ရန် တောင်သူဦးကြီးများသို့ အသိပေးကြေညာချက်

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် လယ်ယာလုပ်ငန်းသုံးထွန်စက်ကြီး၊ ရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီ၊ လက်တွန်းထွန်စက်၊ ဆန်စက်၊ ဆီစက်၊ စားသောက်ကုန်ထုတ်လုပ်သည့်စက်များ ဝယ်ယူရန်နှင့် စက်ရုံ၊ သိုလှောင်ရုံ၊ ဂိုဒေါင်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့အတွက် အရင်းအနှီးလိုအပ်ချက်ရှိသူ တောင်သူဦးကြီးများသို့ **စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး နှစ်ဆင့်ချေးငွေ**များကို ၁ နှစ်လျှင် အတိုးနှုန်း ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပါသည်။

ချေးငွေပမာဏမှာ တောင်သူတစ်ဦးချင်းအတွက် အများဆုံး **ကျပ်သိန်း ၇၀၀**၊ တောင်သူအစုအဖွဲ့ တစ်ဖွဲ့အတွက် အများဆုံး **ကျပ်သိန်း ၅၀၀၀** အထိ ရယူထုတ်ချေးနိုင်ပြီး တောင်သူစိတ်ကြိုက် ဝယ်ယူလိုသည့် လယ်ယာသုံးစက်ကိရိယာများကို စက်ကိရိယာ အရောင်းပြခန်းကုမ္ပဏီများထဲတွင် ရွေးချယ်ဝယ်ယူနိုင်ပါသည်။ ချေးငွေပေးဆပ်ရာတွင် ထော်လာဂျီ၊ လက်တွန်းထွန်စက်ချေးငွေအတွက် ၃ နှစ် ၃ ရစ်၊ အဆိုပါစက်များမှအပ ကျန်စက်ကိရိယာများအတွက် ၅ နှစ် ၅ ရစ် ပေးဆပ်သည့်စနစ် ဖြစ်ပါသည်။

ချေးငွေရယူလိုသော တောင်သူဦးကြီးများအနေဖြင့် မိမိတို့နှင့် နီးစပ်ရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ခရိုင်/မြို့နယ်ဘဏ်ခွဲများနှင့် ဆက်သွယ်၍ ချေးငွေအတွက် တင်သွင်းရမည့်အာမခံနှင့် ချေးငွေဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များကို စုံစမ်းမေးမြန်းပြီး ချေးငွေလျှောက်ထားရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ချေးငွေနှင့်စပ်လျဉ်း၍ သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်)၏လိပ်စာ၊ အမှတ် ၂၆/၄၂၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း – ၀၁၈၃၉၀၁၂၃၅ သို့လည်း ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# လပွတ္တာမြို့၌ လယ်ယာမြေဥပဒေအသိပညာပေး ဆွေးနွေး

လပွတ္တာ ဇွန် ၄

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်၌ ၂၀၁၂ ခုနှစ်လယ်ယာမြေဥပဒေ၊ နည်းဥပဒေအား ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး အသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက် ၉ နာရီက လပွတ္တာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေနဒီခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးဝင်းလွင်တို့က လယ်ယာမြေလုပ်ပိုင်ခွင့်ရသူများ၏ အခွင့်အရေး၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားဖြေရှင်းခြင်းနှင့် အယူခံခြင်းစသည့် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်ပတ်သက်၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေးအကျယ်တဝင့်ဆွေးနွေးကြောင်းသိရသည်။ ခရိုင်(ပြန်/ဆက်)

# စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များ ယှဉ်ပြိုင်ထိုးသတ်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူးပြီး ရွှေသံလွင်မီဒီယာက စီစဉ်သည့်စကိုင်းနက်ရွှေအောင်လံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူလက်ဝှေ့အားကစားရုံ၌ ကျင်းပသည်။



ကရင်လေး(ရာမညအားမာန်)နှင့် ဝီလျံ(ဒို့ရိုးရာ)တို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။

၆၀ ကီလိုတန်း သန့်ဇင်(တော်ဝင်ဧရာ)နှင့် ဟိန်းထွန်းအောင်(ရွှေသထုံ)တို့ပွဲစဉ်တွင် ဟိန်းထွန်းအောင်က အားပါသော လက်သီးထိုးချက်များဖြင့် ဖွင့်ထိုးခဲ့ပြီး သန့်ဇင်က တန်ပြန်ကန်ချက်များဖြင့် တုံ့ပြန်ရင်ဆိုင်ခဲ့ကာ ငါးချီ ၂ မိနစ် ၃၈ စက္ကန့်တွင် သန့်ဇင်၏ ခြေကန်ချက်ကြောင့် ဟိန်းထွန်းအောင် ဆက်လက်မယှဉ်ပြိုင်နိုင်တော့ဘဲ အရှုံးပေးခဲ့ရသည်။

ထို့အတူ နောက်ထပ် ၆၀ ကီလိုတန်းဖြစ်သည့် ဒိုးလေး(အဖြူရောင်သွေးသစ်)နှင့် ကျော်ရဲမင်း(အဲကညော)တို့ ပွဲစဉ်တွင် ပထမအချီ ၁ မိနစ် ၄၂ စက္ကန့်တွင် ကျော်ရဲမင်း၏ တံတောင်ရိုက်ချက်ကြောင့် ဒိုးလေးမှာ ဆေးရှုံးဖြင့် ဆက်လက်မယှဉ်ပြိုင်နိုင်တော့ဘဲ ကျော်ရဲမင်းက အနိုင်ရရှိခဲ့သည်။

ထို့နောက် ၆၃ ဒသမ ၅ ကီလိုတန်းပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ထိုးသတ်ရာ ဝီလျံ(ဒို့ရိုးရာ)က ကရင်လေး(ရာမညအားမာန်)ကို ပထမအချီတွင် အလဲထိုးဖြင့် လည်းကောင်း၊ အောင်ဇော်ဟိန်း(ရွှေကုက္ကို)က ထွန်းဝင်းအောင်(အဲကညော)ကို ဒိုင်အဆုံးအဖြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ၆၇ ကီလိုတန်းတွင် စောမြလင်း(အဲကညော)နှင့် ထက်နိုင်အောင်(ပင)တို့ သူတစ်ပြန် ကိုယ်တစ်ပြန် ပညာကုန်ထုတ် ယှဉ်ပြိုင် ထိုးသတ်ကြပြီး တတိယအချီ ၂ မိနစ် ၄၆ စက္ကန့်တွင် ထက်နိုင်အောင်၏ ဒူးတိုက်ချက်ကြောင့်စောမြလင်းအနားတောင်းခဲ့ရပြီး ဆက်လက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့်အတွက် ထက်နိုင်အောင်က အနိုင်ရရှိခဲ့သည်။

၅၇ ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် သွေးလင်းထက်(ဒေါနတောင်ခြေ)က ဝိုက်လက်သီး၊ ထောက်လက်သီး၊ ဒူးတိုက်ချက်များဖြင့် စစ်သွေး(ဘိလပ်မြေစက်ရုံ)ကို ဖိအားပေး ထိုးသတ်ခဲ့ပြီး တတိယအချီ ၁ မိနစ် ၅၆ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ယှဉ်ပြိုင်သည့် ပွဲစဉ်များကို သုံးမိနစ်ထိုး နှစ်မိနစ်နား ငါးချီစနစ်ဖြင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး အနိုင်ရရှိသူများမှာ နောက်တစ်ဆင့်သို့ တက်ရောက်သွားကြောင်း ဇွန် ၁၁ ရက် တတိယနေ့တွင် ဆီမီးဖိုင်နယ်ပွဲစဉ်များ၊ ဇွန် ၁၈ ရက် စတုတ္ထနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်များကို ဆက်လက် ယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့် ဓာတ်ပုံ–လင်းရာမ

# ရပ်စောက်မြို့၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဆင်းပွဲ ကျင်းပ

ရပ်စောက် ဇွန် ၄

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဦးစွာ တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရှေးရယ်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ ဖောင်းတောကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းနှင့် ပတ်သက်သည့် သင်ခန်းစာများကို ကျွမ်းကျင်နည်းပြဆရာမနှစ်ဦးက စာတွေ့၊ လက်တွေ့ နှစ်မျိုးဖြင့် တစ်လကြာ (အခမဲ့)သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

၂၂၂



# စဥ့်ကူးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ




စဥ့်ကူး ဇွန် ၄

မန္တလေးတိုင်းဒေသကြီး စဥ့်ကူးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၂၃ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး စည်သူခန်းမ၌ ကျင်းပခဲ့သည်။


ရှေးဦးစွာ ဗိုလ်မှူးကြီး ဇော်လတ်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ၇၅ ဦးနှင့် သားသမီးများအတွက် တာဝန်ရှိသူများက ထောက်ပံ့ကြေးငွေများ ပေးအပ်ခဲ့ကြသည်။

အဆိုပါအစည်းအဝေးသို့ ဗိုလ်မှူးကြီး ဇော်လတ်ဦး၊ ဒုတိယဗိုလ်မှူးကြီး မျိုးသန့်ဇင်၊ စဥ့်ကူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူး သော်တာထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူး ဇော်ဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ စစ်မှုထမ်း ဟောင်းအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)





## မြန်မာသမိုင်းသုတေသနစာစောင် အမှတ် (၄၁)

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းစာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာစာတမ်းဖတ်ပွဲများ၊ ဝန်ကြီးဌာနစာတမ်းဖတ်ပွဲများ၊ ဌာနတွင်းစာတမ်းဖတ်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လေ့ရှိပြီး ထိုစာတမ်းများကိုစုစည်း၍ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။ မြန်မာသမိုင်းအဖွဲ့ဝင်များပါဝင်ရေးသားထားသော စာတမ်းများနှင့် သမိုင်းသုတေသနဝန်ထမ်းများ၏ ဌာနတွင်းဖတ်ကြားခဲ့သောစာတမ်းများနှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သမိုင်းဌာန ဆရာ/ဆရာမများ၏ စာတမ်းများကိုစုစည်း၍ မြန်မာသမိုင်းသုတေသနစာစောင်တို့ကို ထုတ်ဝေဖြန့်ချိလျက်ရှိရာ ဤစာအုပ်တွင် မြန်မာနိုင်ငံ၏ခေတ်ကာလအသီးသီးကိုဖော်ပြနေသော စာတမ်းများသာမက ပြင်စည်မြို့ဟောင်းကိုပါ တစုတစည်းတည်း ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်မှ ထုတ်ဝေသည်။

တန်ဖိုးငွေကျပ် - ၃၅၀၀/-




## မြန်မာသမိုင်းသုတေသနစာစောင် အမှတ် (၄၂)


သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် ပြည်တွင်းစာတမ်းဖတ်ပွဲများ၊ နိုင်ငံတကာစာတမ်းဖတ်ပွဲများ၊ ဝန်ကြီးဌာနစာတမ်းဖတ်ပွဲများ၊ ဌာနတွင်းစာတမ်းဖတ်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်လေ့ရှိပြီး ထိုစာတမ်းများကိုစုစည်း၍ ပုံနှိပ်ထုတ်ဝေခြင်းတို့ကို ပြုလုပ်လျက်ရှိပါသည်။ မြန်မာသမိုင်းအဖွဲ့ဝင်များ ပါဝင်ရေးသားထားသော စာတမ်းများနှင့် သမိုင်းသုတေသနဝန်ထမ်းများ၏ ဌာနတွင်းဖတ်ကြားခဲ့သော စာတမ်းများနှင့် တက္ကသိုလ်၊ ကောလိပ်အသီးသီးမှ သမိုင်းဌာန ဆရာ/ဆရာမများ၏စာတမ်းများကို စုစည်း၍ မြန်မာသမိုင်းသုတေသနစာစောင်တို့ကို ထုတ်ဝေဖြန့်ချိလျက်ရှိရာ ဤစာအုပ်တွင် မြန်မာနိုင်ငံ၏ ခေတ်ကာလအသီးသီးကိုဖော်ပြနေသော စာတမ်းများသာမက သဲကုန်းမြို့ဟောင်း၊ ဘားအံမြို့နယ်ဝဲပျံဂူ၊ သတင်းမီဒီယာလောကမှ ဦးအဟီး၊ သမိုင်းသုတေသနအထူးစာကြည့်တိုက် စသည့်အကြောင်းအရာများကိုပါ တစုတစည်းတည်း ဖတ်ရှုနိုင်မည် ဖြစ်ပါသည်။ တန်ဖိုးငွေကျပ် - ၅၅၀၀/-




## MYANMAR (1714 - 52)

မြန်မာသမိုင်းပြုစုလေ့လာရာတွင် အချက်အလက်အထောက်အထားများသည် အရေးပါပေသည်။ အချက်အလက်အထောက်အထားများ မှန်ကန်ပြည့်စုံမှုရှိပါက စာအုပ်တန်ဖိုး မြင့်မားပေသည်။ အချက်အလက်အထောက်အထားဟုဆိုရာတွင် မူရင်းအထောက်အထားနှင့် တစ်ဆင့်ခံအထောက်အထားဟူ၍ရှိသည်။ ယခုဆရာမကြီး ဒေါက်တာရီရီသည် ၎င်း၏ဘဝတစ်လျှောက်လုံး သုတေသနလုပ်ငန်းတွင် နစ်မြုပ်လုပ်ကိုင်ခဲ့သည့် သုတေသနပညာရှင်ဖြစ်သည်နှင့်အညီ ယခုမြန်မာနိုင်ငံအခြေအနေ (၁၇၁၄-၅၂)ကို မူရင်းအထောက်အထားများသာမက တစ်ဆင့်ခံအထောက်အထားများကို အသုံးပြု၍ ညောင်ရမ်းခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်ပေါ်ပေါက်လာပုံအထိ ရေးသားပြုစုထားသည့် ခိုင်မာစိတ်ချရသော စာအုပ်ဖြစ်ပြီး သုတေသီများနှင့် သမိုင်းလေ့လာသူများအတွက် ဖတ်ရှုသင့်သော စာအုပ်ကောင်းတစ်အုပ် ဖြစ်ပေသည်။

တန်ဖိုးငွေကျပ် - ၂၅၀၀/-





## ဘဝခရီးသွား လူငယ်များသို့

စာရေးသူ ကပ္ပတိန်သာစိန် စီစဉ်ရေးသားသည့် ဘဝခရီးသွား လူငယ်များသို့ စာအုပ် ထွက်ရှိလာသည်။


အဆိုပါစာအုပ်တွင် ပညာရှိ ပညာမဲ့ခွဲခြားသိပါ။ မိတ်ကောင်းရှာပါ ခေါင်းစဉ်ဖြင့် လူများ၊ တိရစ္ဆာန်များ၊ သက်ရှိပုဂ္ဂိုလ်များအားလုံးသည် မျိုးနွယ်အလိုက် မိမိတို့၏အသိုင်းအဝိုင်းနှင့် နေသူများဖြစ်ကြသည်။ ခေါင်းဆောင်မှုပေးနိုင်သူသည် ဦးဆောင်သူဖြစ်လာသည်။ ထိုအထဲတွင် ခင်မင်သောပုဂ္ဂိုလ်အများအပြားလည်း ရှိကြပါမည်။ ထိုသူအားလုံးတို့သည် ယုံကြည်ရသောမိတ်ဆွေများဟု မိမိစိတ်တွင်ထင်ရသော်လည်း ထိုသူအားလုံးတို့၏ စိတ်နေစိတ်ထားသည် တစ်ပြေးတည်း သင့်အပေါ် တူညီစွာရှိကြသည်မဟုတ်ပေ။ ထိုအချက်ကို သတိထား၍ မိမိအပေါ် အကောင်းဆုံးကူညီမည့်ပုဂ္ဂိုလ်၊ အနစ်နာခံမည့်ပုဂ္ဂိုလ်များကို ရွေးချယ်ပေါင်းသင်းရပါမည်။ မိတ်ဆွေစစ်ဆိုသည်မှာ စိတ်ထားမှန်ကန်စွာဖြင့် မိမိအပေါ်၌ ဆက်ဆံသူ၊ ကူညီသူ၊ မကောင်းမှုအလုပ်ကို မလုပ်ရန်တားမြစ်သူ၊ အမုန်းခံ၍လမ်းကောင်းကိုညွှန်ပြသူများသည်သာ မိတ်ဆွေကောင်း မိတ်ဆွေစစ်များ ဖြစ်ကြသည်။

စာအုပ်ကို ငွေကောင်းကင်စာပေ၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၇)လမ်း၊ အမှတ်(၂၆)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၇၈၅၃၃၈၁၆၁မှ တန်ဖိုးငွေကျပ် ၅၅၀၀ သတ်မှတ်ထားသည်။




## မြန်မာ့ဗုဒ္ဓသာသနာဖြစ်တည်မှုမှတ်တမ်း (ဦးနီတွတ်၏ လက်ရွေးစင်စာတမ်းများ)


ဗုဒ္ဓသာသနာတွင် ဘုရား၊ တရား၊ သံဃာဟူ၍ ရတနာသုံးပါးရှိသည့်အနက် သံဃာသည် ဗုဒ္ဓသာသနာ အဓွန့်ရှည်ကြာ သန့်ရှင်းတည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နေသော ပုဂ္ဂိုလ်များဖြစ်သည်။ ထိုရဟန်းတို့၏ ဘဝဖြစ်ပျက်၊ တည်ရှိခဲ့မှုကို မှတ်တမ်းတင်သည့်အနေဖြင့် ဖော်ထုတ်တင်ပြထားသော (၁) ဥပဇ္ဈာယ်ဆရာ၊ နိဿရည်းဆရာ (၁၇၉၀-၁၇၉၂)၊ (၂) မန္တလေး ရှေးဟောင်းဘုန်းကြီးကျောင်းတိုက်များ (၁၇၈၂-၁၉၉၆)၊ (၃) စစ်ကိုင်းတောင်ရိုး၊ ပရက္ကမချောင် (၁၃၆၄-၁၉၈၂)၊ (၄) မိတ္ထီလာစီရင်စု၊ တောမလေးရွာညောင်ပင်သာ ဓမ္မာရုံရတနာစံကျောင်း (၁၈၆၃-၁၉၉၈)၊ (၅) မိတ္ထီလာစီရင်စု၊ ကမ်းနီတိုင် (၁၈၀၂-၁၉၃၂)၊ (၆) ပုပ္ပားတောင်ကလပ် (၁၉၂၀-၂၀၀၄)၊ (၇)သကျသီဟစာမေးပွဲ (၁၉၀၃-၁၉၉၇) စသည့် စာတမ်းတို့ကို လေ့လာဖတ်ရှုနိုင်မည် ဖြစ်ပါသည်။ တန်ဖိုးငွေကျပ် - ၃၅၀၀/-




## ရခိုင်သမိုင်းဆိုင်ရာ သုတေသနစာတမ်းများ

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနသည် တစ်ဆက်တစ်စပ်တည်းသော မြန်မာသမိုင်း ဖြစ်ပေါ်လာရေးကို ရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိရာ ယခုကွက်လပ်ဖြစ်နေသော ရခိုင်သမိုင်းဆိုင်ရာကို မြန်မာသမိုင်းအဖွဲ့၊ အဖွဲ့ဝင် ဒေါက်တာမြင့်သိန်းက သုတေသနခရီးတစ်လျှောက် ကွင်းဆင်းသုတေသနပြုခြင်းအပေါ်အခြေခံ၍ ရေးသားပြုစုထားသော စာတမ်းများဖြစ်သည့် ရခိုင်သမိုင်းဆိုင်ရာသုတေသနစာတမ်းများကို ဤစာအုပ်တွင် လေ့လာဖတ်ရှုနိုင်မည်ဖြစ်ပါသည်။

တန်ဖိုးငွေကျပ် - ၃၅၀၀/-




## တောင်ငူခေတ်

တောင်ငူကို သဝန်ကြီး၊ သဝန်ငယ်ကစ၍ တည်ထောင်ခဲ့ရာ မင်းစည်သူအထိ မင်းပေါင်း နှစ်ဆယ့်ရှစ်ဆက် စိုးစံခဲ့သည်ဟု တောင်ငူရာဇဝင်တွင် ပါရှိသည်။ မင်းစည်သူလက်ထက်အထိ တောင်ငူမှာ အဝ၏ လက်အောက်ခံအဖြစ်သာ နေခဲ့ရသည်။ တောင်ငူကို အုပ်ချုပ်သူမှာလည်း မြို့စားအဆင့်သာရှိသည်။ အဝတွင် ရှမ်းရန်ကြောင့် အခြေအနေယိမ်းယိုင်လာသည့်အခါတွင် တောင်ငူမှာ တစ်စတစ်စ အားကောင်းလာသည်။ အဝဘုရင် ရွှေနန်းကြော့ရှင် နရပတိလက်ထက်တွင် တောင်ငူမြို့စား မင်းကြီးညိုကို နှမတော်နှင့် ထိမ်းမြား၍ ဘွဲ့တံဆိပ်နာမည်များ ချီးမြှင့်ခဲ့သည်။ မဟာသီရိဇေယျသူရဘွဲ့ခံ မင်းကြီးညိုလက်ထက်တွင် လက်အောက်ခံဒေသများ တိုးပွားလာခဲ့ရာ တောင်ငူကို အုပ်ချုပ်သူတို့သည် တန်ခိုးသြဇာ ကြီးထွားလာခဲ့သည်။ မင်းတရားရွှေထီးနှင့် ဟံသာဝတီ ဆင်ဖြူများရှင်လက်ထက်တွင် တောင်ငူမှ ဟံသာဝတီသို့ ရွှေ့ပြောင်းလျက် အခြေပြုကာ နိုင်ငံစည်ပင်လာပြန်သည်။ ယင်းနောက် တောင်ငူခေတ်တွင် မင်းကြီးညို၊ တပင်ရွှေထီး၊ ဒုတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်သူဟု သမိုင်းတွင်သည့် ဘုရင့်နောင်နှင့် နန္ဒဘုရင်တို့ပါဝင်ပြီး သက်တမ်းကာလ နှစ် ၁၀၀ ကျော် ကြာမြင့်ခဲ့သည်။ ငါးဆူဒါယကာ ဘွဲ့ခံ နန္ဒဘုရင်လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီး ပြိုကွဲခဲ့သည်။ ဤကေတုမတီ တောင်ငူသမိုင်းနှင့်ပတ်သက်ပြီး ပြုစုထားသော ဤ "တောင်ငူခေတ်" စာအုပ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ကျောက်စာ၊ ပေစာများမှ မူရင်းအထောက်အထားအချက်အလက်များကိုရယူ၍ ပြုစုရေးသားထားသောကြောင့် တောင်ငူခေတ်သမိုင်းကြောင်းကို အခိုင်အမာ လေ့လာဖတ်ရှုနိုင်မည် ဖြစ်ပါသည်။ တန်ဖိုးငွေကျပ် - ၄၅၀၀/-




## ဇရာကို ရင်ဆိုင်ခြင်း အနုပညာ

စာရေးသူ ဒေါက်တာတင်ထွန်းဦး စီစဉ်ရေးသားသည့် ဇရာကို ရင်ဆိုင်ခြင်း အနုပညာ စာအုပ် ထွက်ရှိလာသည်။

အိုခြင်း(ဇရာ)ကို တားဆီး၍မရသော်လည်း ဇရာကြောင့်ဖြစ်ပေါ်လာနိုင်သောကျန်းမာရေးပြဿနာနှင့် ရောဂါများခံစားရခြင်းဆိုသည့် နာခြင်း (ဗျာဓိ)ကိုမူ ကြိုတင်ကာကွယ်၍ရသည်။ အသက် ၆၀ ကျော်မှမဟုတ်ဘဲ အသက် ၄၀၊ ၅၀ ခန့်မှစ၍ ဇရာကြောင့်ဖြစ်ပေါ်လာနိုင်သော ကျန်းမာရေးပြဿနာနှင့် ရောဂါများကို ကြိုတင်ကာကွယ်ဆင်ခြင်သင့်သည်။

ကျန်းမာရေးနှင့်အညီ စနစ်တကျနေထိုင်မည်ဆိုလျှင် လောလောဆယ်အရ ကမ္ဘာ့အသက်ရှည်ဆုံးလူသားမှာ အသက် ၁၂၂ နှစ် အထိ အသက်ရှည်ခဲ့သဖြင့် မိမိတို့သည်လည်း အသက် ၁၂၂နှစ်အထိ ရှင်သန်ရန် မျှော်လင့်နိုင်သည်။

စာအုပ်ကို စွယ်စုံမီဒီယာဂရု(ပ်)၊ ပထမထပ်၊ Central Tower ၊ အနော်ရထာလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁ ၃၈၅၂၉၃နှင့် ၀၁ ၈၃၉၂၇၃၉တို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 1 Everyday English
### Lesson 2 : At school

**Reading**

**(A) Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| my | last | did | Which | much |
| whom | there | costs | some | was |

Min Min: I went to a supermarket (1)_________ weekend.
Bo Bo: Oh! That sounds good.
(2)__________ supermarket did you go?
Min Min: I went to Ocean Supermarket.
Bo Bo: With (3)____________?
Min Min : With (4)__________ mother.
Bo Bo: What did you buy (5)__________?
Min Min: I bought (6)___________ pens and books. And a story book.
Bo Bo: How (7)___________ does the story book cost?
Min Min: It (8)____________ 1800 Ks.
Bo Bo: What (9)___________ you do else?
Min Min: Noting special. When I got home, I (10)___________ very tired.

**Writing**

**(A)Fill in the blanks with a suitable word form.**

1. I found your pen here. You are (luck)_______.
2. It is rainy and _______ (wind) today.
3. Daw Hla Thuzar is our class (teach)_______.
4. U Ba is our school's (garden) __________.
5. Stop (talk) ________. Teacher is teaching.

**(B) Supply the correct form of the verb given the brackets.**

(1) (borrow) May I ________ your pen, please?
(2) (go) May I ________ to the restroom, teacher?
(3) (sit) Where can I _______ ?
(4) (listen) We always _______ to the teacher.
(5) (study) Let's _________ together.
(6) (help) Can you __________ me, please?
(7) (be) We ________ late. Hurry up!
(8) (see) I didn't ______ him on the school bus.
(9) (find) Did you ________ my lost pen?
(10) (ride) I want to _______ a bicycle after school.

*****************

Answers:

**Lesson 2 At school**

**Reading**

(A) (1) last (2) Which (3) whom (4) my (5) there (6) some (7) much (8) costs (9) did (10) was

**Writing**

(A) (1) lucky (2) windy (3) teacher (4) gardener (5) talking

(B) (1) borrow (2) go (3) sit (4) listen (5) study (6) help (7) are (8) see (9) find (10) ride

*****************

## Grade 6

### Unit 1 Lesson 2: Greetings from postcards

Vocabulary exercises:

**(A) Complete the following words given below into the correct sentences.**

| | | | |
|---|---|---|---|
| cave | palace | seashells | waterfall |
| backpack | prawn | crabs | seagull |

1. The opening to the ________ was only a narrow hole between two rocks.
2. The king and his family live in the royal ______.
3. Most of the children love collecting _______ on the beach.
4. The fall of water from a high place is called a _______.
5. Her _______ contains a pencil case and three books.
6. Yesterday we ate _______ dish for lunch.
7. ________ walk sideways and their teeth are in their stomach.
8. The _______ catches the fish and flies away.

**(B) Supply the correct word for the blank in each sentence. The first letter is given to help you.**

1. There are thousands of a________ pagodas in Bagan.
2. These smartphones are e__________. I can buy them.
3. This was a nice t________ for the family.
4. We went to the beach last week. We ate s_________ there.
5. It is s_________ today. Let's go for a walk.

**(C)Supply the correct form of the words given in brackets.**

1. (sun) It's _______ today. Let's go for a swim.
2. (greet) Mingalabar is the _______ of Myanmar people.
3. (love) She is wearing a ________ dress.
4. (strong) Zaw Gyi is ________ than his brother Maung Gyi.
5. (easy) We can solve the sums _________.

*****************

**Answers:**

**Lesson (2) Greetings from postcards**

**Vocabulary exercises:**

(A) 1. cave; 2. palace; 3. seashells; 4. waterfall; 5. backpack; 6. prawn; 7. Crabs; 8. seagull;

(B) 1. ancient; 2. expensive; 3. trip; 4. seafood; 5. sunny;

(C) 1. sunny; 2. greeting; 3. lovely; 4. stronger; 5. easily;

*****************

## Grade 7

### Unit 1 Lesson 2 : Life as an artiste

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. She studied hard and got a good grade. She was s____________.
2. I like c___________ music. It is calm and peaceful.
3. We went on a v_________ to the zoo. We saw many animals there.
4. The Mona Lisa is one of Leonardo da Vinci's famous c__________.
5. He won the first prize in the art c__________. His artwork was outstanding.

**II. Supply the correct form of the words given in brackets.**

1. (culture) This building is part of the city's _________ heritage.
2. (represent) The building is very __________ of 1980s architecture.
3. (imagine) She's very hard-working but not very ____________.
4. (choose) The ________ of profession is a difficult job.
5. (encourage) Thanks for your advice and __________.

**III. Supply the correct form of the verbs given in brackets.**

1. (dance) We __________ to some disco music.
2. (follow) The lightning _________ by heavy thunder quickly.
3. (impart) A teacher ________ knowledge to his or her students.
4. (entertain) He ___________ us for hours with his stories and jokes.
5. (perform) The magician __________ some amazing tricks.

**IV. Answer the following questions.**

1. What is a typical Myanmar Zat Pwe?
_________________________________.
2. How does Myanmar Zat Pwe usually begin?
3. What are types of dance?
4. What does the classical dance-drama present?
5. What can we get from the 550 stories of Lord Buddha's earlier lives?

*****************

Answers:

**Unit 1 Lesson 2 : Life as an artiste**

I. 1. successful; 2. classical; 3. vacation; 4. creations; 5. competition;

II. 1. cultural; 2. representative; 3. imaginative; 4. choice; 5. encouragement;

III. 1. danced; 2. is followed; 3. imparts; 4. entertained; 5. performed;

IV. 1. A typical Myanmar Zat Pwe is a classical dance-drama. 2. Myanmar Zaw Pwe usually begins with the candlelight dance, followed by different types of dance. 3. Types of dance are Myanmar opera and slapstick comedy. 4. The classical dance-drama presents one of the jataka tales (the 550 stories of Lord Buddha's earlier lives). 5. We can get moral lessons from the 550 stories of Lord Buddha's earlier lives.

*****************

## Grade 8

### Unit 1 Lesson 2: Learning starts at home

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Regular exercise has many b_________ health effects.
2. His height was a great b_______ for playing basketball
3. We should shoulder our r____________ properly.
4. To be strong, a country must have u__________.
5. Smoking can increase the risk of d__________ heart disease.

**II. Supply the correct form of the words given in brackets.**

1. (activity) There are many water sport __________.
2. (benefit) Some insects are harmful but others are ____________.
3. (response) He claimed __________ for the accident.
4. (important) He emphasized the __________ of peace.
5. (occassion) I see him __________ in town.

**III. Supply the correct form of the verbs given in brackets.**

1. (do) What are you _________ at the moment?
2. (like) He ___________ doing family activities.
3. (believe) I don't __________ what you say.
4. (develop) The story was later ___________ into a novel.
5. (spend) How much do you _________ on your clothes?

**IV. Complete each sentence with the appropriate word given in the box. There are two extras.**

| | | | |
|---|---|---|---|
| responsibility | table | manners | cooperative |
| benefits | variety | jogging | meals |

1. He got some __________ from his business this year.
2. Parents should teach their children _______________.
3. They have been very ___________ on working together for a solution.
4. Safety is every driver's main ______________.
5. We can do outdoor activities like _________ or cycling in the park.

*******************

Answers:

**Lesson 2: Learning starts at home**

I. 1. balanced; 2. benefits; 3. responsibilities; 4. unity; 5. developing;

II. 1. activities; 2. beneficial; 3. responsibility; 4. importance; 5. occasionally;

III. 1. doing; 2. likes; 3. believe; 4. developed; 5. spend;

IV. 1. benefits; 2. table manners; 3. cooperative; 4. responsibility; 5. jogging;

*******************

## Grade 9

### Lesson 2: How's everything with you?

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. "Mingalabar" is the g_____ of Myanmar people.
2. P_____ is the study of government and how it affects people's lives.
3. The w________ today is sunny and warm.
4. He earns a good i______ working as a teacher.
5. Different people believe in different r___ s around the world.
6. It is p______to say 'please' and 'thank you' when asking for something.
7. We use phones and computers for c______ with others.
8. The dog wagged its tail in a f_______ manner.
9. He smiled in r_______to her question.
10. Can you help me with this math q_______?
11. In small t______, people often discuss the weather or their weekend plans.
12. They had a nice c_______ about their favorite books.
13. I felt w_______ when I hugged my mom.
14. V_____communication involves speaking and using words.
15. As a c______, you can buy products from different stores.
16. It's important to wear a_____ clothes for different occasions.
17. People have different b_____ s about what happens after we die.
18. We should r______ our elders and listen to their wisdom.
19. My c_______ s at work are helpful and friendly.
20. Hard work and determination can lead to s_______ in life.

**II. Supply the correct form of the words given in brackets.**

1. (friend) My neighbour is very _________. They always greet me with a smile.
2. (friendly) I appreciate the _________ of my classmates. They always make me feel welcome.
3. (greet) We exchange _______ with our friends by saying "hello" or "hi" when we see them.
4. (polite) It's important to show ______ by letting others go first or holding the door for them.
5. (succeed) I studied hard for the test, and I was happy when I achieved ________ by getting a good grade.
6. (introduce) An _____ helps people get to know each other.
7. (believe) Some people have the ______ that hard work and determination can lead to success.
8. (warm) The sunshine brings ______ to our faces and makes us feel happy.
9. (consume) A ______ is someone who buys things from a store, like toys or clothes.
10. (religion) Some people go to church or temple to practice their ______ beliefs.

**III. Supply the correct form of the verbs given in brackets.**

1. (greet) They _________ me with a smile when I saw them.
2. (communicate) We can ___________ with our friends by talking or sending messages.
3. (respond) When someone asks a question, it's polite to ______ and give them an answer?.
4. (use) Can I ________ your phone to call my father?
5. (call) Did you _______ me last night?
6. (express) I ______ my happiness by smiling and laughing.
7. (gather) We usually ______ with our family for dinner at about 7 o'clock.
8. (earn) We can ______ good grades by working hard.
9. (introduce) She ________ me to her brother yesterday.
10. (hug) Sometimes we _____ our loved ones to show them how much we care about them.

**IV. Answer the following questions.**

1. What is a greeting?

_____________________________________________

2. What is the commonest greeting in English?

_____________________________________________

3. What is 'small talk' called?

_____________________________________________

4. Where do short conversations called 'small talk' take place?

_____________________________________________

5. What topics are used in short conversation called 'small talk'?

_____________________________________________

6. When do we practise formal greetings?

_____________________________________________.

7. Why is small talk important in our life?

_____________________________________________.

8. What topics are unsuitable for small talk?

_____________________________________________.

******************

Answers:

Lesson 2: How's everything with you?

I. 1. greeting 2. politics 3. weather 4. income 5. religion 6. polite 7. communication 8. Friendly 9. response 10. question 11. small talk 12. conversation 13. warmth 14. verbal 15. consumer 16. appropriate 17. belief 18. respect 19. colleagues 20. success

II. 1. friendly; 2. friendliness; 3. greetings; 4. politeness; 5. success; 6. introduction; 7. belief; 8. warmth; 9. consumer; 10. religious;

III. 1.greeted 2. communicate 3. respond 4. use 5. call 6. express 7. gather 8. earn 9. introduced 10. hug

IV. 1. A greeting is a way of being friendly or polite to someone. 2.The commonest greeting in English is a question about a person's health. 3. 'small talk' is a way to express politeness, warmth and friendliness and it usually follows a greeting. 4. Short conversations called 'small talk' take place at bus stops, on buses and trains, in lifts—almost anywhere we gather close together. 5. Topics such as the weather, customer service, movies or TV shows, or a particular consumer product are used in short conversation called 'small talk'. 6. We practise formal greetings when we are introduced to a stranger or a business associate. 7. Small talk is important in our life because it is a way to express politeness, warmth and friendliness. 8. The topics on money, family, religious beliefs and politics are not suitable for small talk.

******************

## Grade 12

### Unit 1 GOOD MANNERS

**V.(1) Read the passage. (Seen Passage)**

'Manners' refers to the way of doing something. 'Manners' refers to the way a person behaves in society. Thus, manners can be good or bad, polite or impolite. For example, in our Myanmar culture and society, at mealtimes, it is bad manners for a junior to start eating before a senior does. It is always polite for a junior to listen with arms folded while he or she is spoken to by a senior such as a parent or teacher. One important point to bear in mind is that every society and culture has it's list of good and bad manners. Generally speaking, some manners are universal while some are culture–specific. This means that a manner which is acceptable in one society may not be tolerated in another. For instance, belching or breaking wind in a company may be quite acceptable in one society but not tolerated in another. For instance, belching or breaking wind in a company may be quite acceptable in one society but not tolerate in another.

In one's home or elsewhere, good manners are vital for a pleasant atmosphere and for getting on well in life. Thus, showing respect to the other person, offering help, greeting appropriately, and saying "I'm sorry" when having done a wrong are all good manners. Now let us see how manners are acquired.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. There is a ________ between the two words 'manner' and 'manners'.
2. A junior shouldn't _________ before a senior does at mealtimes in Myanmar society.
3. We should _________ our arms while we are spoken to by our parents or teacher.
4. All manners cannot be ________ as we're different from culture.
5. Having done a wrong, we should say "__________".

**(B) Answer each question in one sentence. (5 marks)**

6. How should the youths behave at mealtimes?
7. What does it mean that some manners are 'universal'?
8. What should a junior do while he or she is spoken to by a parent or teacher?
9. What do we need to get well in life?
10.How can we show respect to others?

****************

**(2) Read the passage. (Seen passage)**

'Home' may be considered the 'birthplace' of manners. Children hear what the elders around them say and see what the elders do. As they imitate their elders, they acquire their elders' manners. And there are times the father, mother, elder sister or brother may formally teach the children to say or act politely. If the elders around them are gentle and polite, they grow up to be gentle and polite. If on the other hand, the elders around them are crude and rude, they will grow up to be crude and rude as well.

Next comes the school as an institution to impart good manners. Almost all children not only learn the school subjects their teachers teach but also imitate the teachers' manners and behaviour. In a school where teachers are good role models, students learn to be polite and respectful. In addition, they are quite likely to take their classmates and senior students to be role models; and here is the danger of acquiring ill manners.

**(A) Write the correct word or words to complete each sentence. (5 marks)**

1. Manners are first ________ at our home.
2. The children should _________ good manners to act politely.
3. It depends on the _________ for the children to get good manners.
4. __________ imparts good manners to children apart from 'home'.
5. __________ are good role models for children in a school.

**(B) Answer each question in one sentence. (5 marks)**

6. Why may 'Home' be considered the 'birthplace' of manners?
7. When will children grow up to be crude and rude?
8. What else can children do at school besides learning school subjects?
9. From whom can students acquire ill manners?
10.Why are teachers good role models for children at schools?

******************

**Answers:**

**Unit 1 GOOD MANNERS**

**V. Seen passage (1)**

(A) 1. difference; 2. eat/ start eating; 3. fold; 4. acceptable; 5. I'm sorry;

(B) 6. The youths should eat after the elders have at mealtimes. 7. Some manners are 'universal' is that they are acceptable in every culture. 8. A junior should listen with arms folded while he or she is spoken to by a parent or teacher. 9. We need good manners to get well in life. 10. We can show respect to others by acting politely and saying words appropriately according to the positions.

Seen passage (2)

(A) 1. born; 2. be taught; 3. elders around them; 4. School; 5. Teachers;

(B) 6. 'Home' may be considered the 'birthplace' of manners because children hear what the elders around them say and see what the elders do. 7. Children will grow up to be crude and rude when the elders around them are crude and rude. 8. Children can imitate the teachers' manners and behaviour at school besides learning school subjects. 9. Students can acquire ill manners from their classmates and senior students. 10. Teachers are good role models for children at schools because students imitate the teachers' manners and behaviour.

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉–၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဘင်ဇီမာကို ဆုံးရှုံးရတော့မယ့် ရီးယဲလ်မက်ဒရစ် လာမယ့်ရာသီအတွက် ဘယ်လိုပြင်ဆင်လာမလဲ




ပြင်သစ်တိုက်စစ်မှူး ဘင်ဇီမာဟာ ဘာနေဗျူးမှာ ၁၄ နှစ်ကြာ ကစားခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာတော့မှာ ဖြစ်တယ်လို့ အတည်ပြုပြောကြားလိုက်ပါပြီ။

ကမ္ဘာ့အကောင်းဆုံးကစားသမားကို ပေးအပ်တဲ့ ဘလွန်းဒီအောဆုကို ရရှိခဲ့တဲ့ တိုက်စစ်မှူး ဘင်ဇီမာဟာ ၂၀၀၉ ခုနှစ်မှာ ပြင်သစ်ကလပ် လိုင်ယွန်အသင်းကနေ စပိန်လာလီဂါရဲ့ နာမည်ကြီးကလပ်အသင်းဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်အသင်းဆီ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး အခုဘောလုံးရာသီကုန်ချိန်မှာတော့ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ဘာနေဗျူးကနေ ထွက်ခွာတော့မှာဖြစ်ပါတယ်။

ဘင်ဇီမာဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ တစ်နှစ်ကျန်ရှိနေသေးပေမယ့် ဆော်ဒီအာရေဗျကလပ်အသင်း တစ်သင်းရဲ့ စံချိန်တင်ကမ်းလှမ်းလာမှုကို လက်ခံရရှိခဲ့ပြီး ဖြစ်တာကြောင့် ဆော်ဒီအာရေဗျကို သွားရောက်ကစားဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဘင်ဇီမာဟာ ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားငါးကြိမ်နဲ့ စပိန်လာလီဂါဖလားလေးကြိမ် ရရှိခဲ့ဖူးသူဖြစ်ပါတယ်။ ဆော်ဒီအာရေဗျနိုင်ငံပိုင် ရုပ်မြင်သံကြားသတင်းဌာန အယ်လ်အက်ခ်ဘာရီယာရဲ့ သတင်းဖော်ပြမှုနဲ့အတူ လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရ တိုက်စစ်မှူး ဘင်ဇီမာဟာ ဆော်ဒီအာရေဗျကလပ် အယ်လ်အီတီဟက်ဒ်အသင်းနဲ့ နှစ်နှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုသွားမှာ ဖြစ်တယ်လို့ ဆိုပါတယ်။ အယ်လ်အီတီဟက်ဒ်အသင်းကလည်း ဘင်ဇီမာကို ယူရို သန်း ၂၀၀ နဲ့ ကမ်းလှမ်းထားတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းရဲ့ လက်ရှိအသင်းနည်းပြ အန်စလော့တီကတော့ ပြင်သစ်တိုက်စစ်မှူးဟောင်း ဘင်ဇီမာကို လာမယ့်ဘောလုံးရာသီမှာလည်း ဘာနေဗျူးမှာ ဆက်ရှိသွားဖို့ မျှော်လင့်မိတယ်လို့ ပြောကြားခဲ့ပါတယ်။

ဘင်ဇီမာဟာ ရီးယဲလ်မက်ဒရစ်အသင်းကနေ ထွက်ခွာဖို့ အတည်ပြုပြောကြားခဲ့ပြီဖြစ်တာကြောင့် နှစ်ရက်တာကာလ အတွင်းမှာ ဘာနေဗျူးကနေ အပြီးအပိုင်ထွက်ခွာဖို့ ပြောကြားလာတဲ့ တတိယမြောက် ပထမအသင်းကစားသမားဖြစ်လာခဲ့ပြီး ဇွန် ၃ ရက်ကလည်း ဟာဇက်နဲ့ အဆန်စီယိုတို့ဟာ အခုနွေရာသီကာလအတွင်း အသင်းကနေထွက်ခွာဖို့ ကြေညာထားကြတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဘင်ဇီမာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားရရှိရေး စွမ်းဆောင်ပေးနိုင်ခဲ့တာကြောင့် ဘလွန်ဒီအောဆုရရှိခဲ့ပြီး ရီးယဲလ်မက်ဒရစ်အသင်းကစားသမားဘဝမှာ ဘာနေဗျူးအတွက် အဓိကဆုဖလား ၂၅ လုံးအထိ ရယူပေးခဲ့တာ ဖြစ်ပါတယ်။

ဘင်ဇီမာဟာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် ပွဲစဉ်စုစုပေါင်း ၆၄၇ ပွဲပါဝင်ကစားပေးခဲ့ပြီး တိုက်စစ်မှူး စီရိုနယ်လ်ဒိုပြီးရင် ရီးယဲလ်မက်ဒရစ်အသင်းနဲ့အတူ ဂိုးသွင်းအများဆုံးကစားသမားစာရင်းမှာ ဒုတိယအများဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒို ထွက်ခွာခဲ့တဲ့ ၂၀၁၈ ခုနှစ်နောက်ပိုင်းမှာ တိုက်စစ်မှူး ဘင်ဇီမာအနေနဲ့ တစ်ရာသီပျမ်းမျှသွင်းဂိုး ၃၂ ဒသမ ၂ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာ ဖြစ်ပါတယ်။ လက်ရှိအနေအထားဟာ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ ဘင်ဇီမာက အရေးပါဆုံးကစားသမားဖြစ်တာကြောင့် ဘင်ဇီမာမရှိတဲ့နောက်ပိုင်းမှာ အသင်းရဲ့ရလဒ်ပိုင်းကောင်းဖို့ ဘယ်လိုပြင်ဆင်နေလဲဆိုတာ စောင့်ကြည့်ရမှာပါ။ ရီးယဲလ်မက်ဒရစ်အသင်းမှာ ဘရာဇီးတောင်ပံကစားသမားတွေဖြစ်တဲ့ ဗီနီစီးယပ်ဂျူနီယာနဲ့ ရိုဒရီဂိုတို့ရှိနေပေမယ့် အတွေ့အကြုံပိုင်းမှာတော့ ဘင်ဇီမာကို မမီသေးတာတွေ့ရပါတယ်။

လက်ရှိအချိန်မှာ ဘင်ဇီမာအနေနဲ့ ဘာနေဗျူးကနေ ထွက်ခွာဖို့ သေချာနေပြီဖြစ်တာကြောင့် ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ အန်စလော့တီကတော့ တိုက်စစ်မှူး ဘင်ဇီမာနေရာမှာ အစားထိုးဖို့ စပါးအသင်းတိုက်စစ်မှူး ဟယ်ရီကိန်းနဲ့ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘတ်ပီတို့ကို ခေါ်ယူရေးပြင်ဆင်နေတာဖြစ်ပါတယ်။ ဒါ့ပြင် ချယ်လ်ဆီးအသင်းရဲ့ ကိုင်ဟာဗက်ဇ်၊ နာပိုလီအသင်းနဲ့အတူ အီတလီစီးရီးအေဖလားရယူပေးနိုင်ခဲ့တဲ့ အိုဆင်ဟမ်း၊ လီဗာပူးအသင်းကနေ ထွက်ခွာခဲ့ပြီးနောက် စိန်ခေါ်မှုအသစ်ကို ရှာဖွေနေတဲ့ ဖာမီနိုတို့ကိုလည်း ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ဒါပေမယ့် ရီးယဲလ်မက်ဒရစ်အသင်းရဲ့ ဘင်ဇီမာနေရာမှာ အစားထိုးဖို့ ဦးစားပေးပြင်ဆင်နေတဲ့ ကစားသမားကတော့ ကာလရှည်ကြာ ခေါ်ယူဖို့ စောင့်ဆိုင်းနေတဲ့ ပြင်သစ်တိုက်စစ်မှူး အမ်ဘတ်ပီ ဖြစ်ပါတယ်။

အခုဘောလုံးရာသီမှာဆိုရင် ရီးယဲလ်မက်ဒရစ်အသင်းဟာ စပိန်လာလီဂါဖလားကို လက်လွှတ်ဆုံးရှုံးခဲ့ရတဲ့အပြင် ချန်ပီယံလိဂ်ဖလားမှာလည်း ပရီမီယာလိဂ်ကလပ် မန်စီးတီးအသင်းကို ဂိုးပြတ်ရှုံးနိမ့်ခဲ့လို့ ဆုဖလားလက်မဲ့ဖြစ်ခဲ့ရတဲ့အသင်းဖြစ်ပါတယ်။

ဘင်ဇီမာအပါအဝင် ကစားသမားကောင်းအများစုဆုံးရှုံးရတော့မယ့် ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ လာမယ့်ဘောလုံးရာသီမှာရော ဆုဖလားလက်မဲ့မဖြစ်ရေး ဘယ်လိုပြင်ဆင်လာမလဲဆိုတာ စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။

ငွေကြယ် - ရေးသားသည်

## လိုက်ပ်ဇစ်အသင်း ဂျာမန်ပိုကယ်ဖလား ဒုတိယအကြိမ်မြောက် ဆွတ်ခူး

လိုက်ပ်ဇစ်အသင်းနဲ့ ဖရန့်ဖက်အသင်းတို့ ဇွန် ၃ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဂျာမန်ပိုကယ်ဖလား နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းက ဖရန့်ဖက်အသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာကြောင့် ဂျာမန်ပိုကယ်ဖလားကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။




အဲဒီပွဲစဉ်မှာ လိုက်ပ်ဇစ်အသင်းနဲ့ ဖရန့်ဖက်အသင်းတို့ဟာ ဂျာမန်ပိုကယ်ဖလား ချန်ပီယံဖြစ်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ပထမပိုင်းမှာ ဘယ်အသင်းကမှ ဂိုးမသွင်းနိုင်ခဲ့ပေမယ့် ဒုတိယပိုင်းပွဲကစားချိန် ၇၁ မိနစ်မှာ အင်န်ကွန်ကူက တစ်ဂိုး၊ ၈၅ မိနစ်မှာ ဇိုဘော့ဇ်လိုင်ကတစ်ဂိုး သွင်းယူပေးခဲ့လို့ လိုက်ပ်ဇစ်အသင်းက နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်း တိုက်စစ်မှူး အင်န်ကွန်ကူဟာ ဖရန့်ဖက်အသင်းနဲ့ ပွဲစဉ်မှာ သွင်းဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် အခုဘောလုံးရာသီမှာ လိုက်ပ်ဇစ်အသင်းနဲ့အတူ သွင်းဂိုး ၂၃ ဂိုးအထိရှိလာခဲ့ပြီ ဖြစ်ပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိ ပြင်သစ်တိုက်စစ်မှူး အင်န်ကွန်ကူဟာ ချယ်လ်ဆီးအသင်းဆီ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်ထားတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

လိုက်ပ်ဇစ်အသင်းကို လွန်ခဲ့တဲ့ ၁၄ နှစ်တာ ကာလအတွင်းက စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ဂျာမန်ပိုကယ်ဖလားဗိုလ်လုပွဲကို နောက်ဆုံးဘောလုံးရာသီ ငါးရာသီမှာ လေးကြိမ်အထိ တက်လှမ်းခွင့်ရရှိခဲ့ကာ ၂၀၁၉ ခုနှစ်နဲ့ ၂၀၂၁ ခုနှစ်တို့မှာ ချန်ပီယံဖြစ်လာမယ့် အခွင့်အရေးနဲ့ လွဲခဲ့ရပြီး ၂၀၂၂ ခုနှစ်နဲ့ ၂၀၂၃ ခုနှစ်တို့မှာ ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်ခဲ့တာ ဖြစ်ပါတယ်။

## တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ် အေစီမီလန်အသင်းမှ ထွက်ခွာမည်

အေစီမီလန်အသင်းတိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ အေစီမီလန်အသင်းနဲ့ ဗီရိုနာအသင်းတို့ပွဲစဉ်အပြီးမှာ အေစီမီလန်အသင်းကနေ ထွက်ခွာတော့မှာဖြစ်တယ်လို့ သိရပါတယ်။ ဗီရိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမယ့် ပွဲစဉ်ဟာ အေစီမီလန်အသင်းအတွက်လည်း အခုဘောလုံးရာသီ နောက်ဆုံးပွဲစဉ်ဖြစ်ပါတယ်။

အေစီမီလန်အသင်းအနေနဲ့ အသက် ၄၁ နှစ်အရွယ်ရှိ ဆွီဒင်တိုက်စစ်မှူးဟောင်း အီဘရာဟီမိုဗစ်ချ်ကို နှုတ်ဆက်ပွဲပြုလုပ်ပေးသွားမှာဖြစ်တယ်လို့လည်း သတင်းစာရှင်းလင်းပွဲတစ်ရပ်မှာ ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ၂၀၁၉ ခုနှစ်အတွင်းက အေစီမီလန်အသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီး ပြီးခဲ့တဲ့ဘောလုံးရာသီအတွင်းက အေစီမီလန်အသင်းအား စီးရီးအေဖလားဆွတ်ခူးနိုင်ရေး စွမ်းဆောင်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။

တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ ကစားသမားဘဝတစ်လျှောက်မှာ မယ်လ်မိုအသင်း၊ အေဂျက်အသင်း၊ အင်တာမီလန်အသင်း၊ ဘာစီလိုနာအသင်း၊ ပီအက်စ်ဂျီအသင်း၊ အယ်လ်အေဂလက်ဆီအသင်းနဲ့ မန်ယူအသင်းတို့အပါအဝင် လက်ရှိကလပ် အေစီမီလန်အသင်းတို့မှာ ပါဝင်ကစားခဲ့သူလည်း ဖြစ်ပါတယ်။




တိုက်စစ်မှူး အီဘရာဟီမိုဗစ်ချ်ဟာ မတ်လအတွင်းက အေစီမီလန်အသင်းနဲ့ အူဒီးနီးစ် အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့တဲ့ ပွဲစဉ်မှာ ပင်နယ်တီသွင်းဂိုး တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် စီးရီးအေသမိုင်းမှာ အသက်အရွယ်အကြီးဆုံး ဂိုးသွင်းရှင်အဖြစ် မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

### ဘောလုံးလောကသတင်းတို

- ဆော်ဒီအာရေဗျကလပ် အယ်လ်-ဟီလာအသင်းဟာ ပီအက်စ်ဂျီအသင်းမှ အာဂျင်တီးနားအသင်းတိုက်စစ်မှူး မက်ဆီအား ဇွန် ၆ ရက်တွင် စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရေး မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။
- မန်စီးတီးအသင်းခေါင်းဆောင် ဂန်ဒိုဂန်ဟာ အီတီဟက်ဒ်နဲ့ စာချုပ်သက်တမ်းကုန်ဆုံးပါက စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားရန် စီစဉ်ထားသော်လည်း နည်းပြဂွါဒီယိုလာက ဂန်ဒိုဂန်အား အသင်းမှာ ဆက်ရှိနေရေး မျှော်လင့်လျက်ရှိတယ်လို့ သိရပါတယ်။

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV-HD)မှ အများပြည်သူ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ် တင်ဆက်လျက်ရှိရာ ယခုအခါ (၉-၆-၂၀၂၃)ရက် (သောကြာနေ့)ညတွင် မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့နှင့်အတူ ပြင်ပတေးသံရှင်များဖြင့် စုပေါင်း၍ Live Show တေးသီချင်း ဖျော်ဖြေမှု အစီအစဉ်ကို "လူငယ်များရဲ့ အမှတ်တရ" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်သဖြင့် အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်။

**(၉-၆-၂၀၂၃)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "လူငယ်များရဲ့ အမှတ်တရ" ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | အမှတ်တရ | ပြင်ပအဆိုရှင် |
| ၂။ | ချစ်အယူခံ | ပြင်ပအဆိုရှင် |
| ၃။ | ဒေါင်းယာဉ်ပျံဘုံနံဘေး | ပြင်ပအဆိုရှင် |
| ၄။ | ချစ်သတိပြု | ပြင်ပအဆိုရှင် |
| ၅။ | ချစ်တဲ့စိတ်ဆိုတာ | ပြင်ပအဆိုရှင် |
| ၆။ | ကိုကိုစိတ်ကူးယဉ် | ပြင်ပအဆိုရှင် |
| ၇။ | မ မချစ်လို့မဖြစ် | ပြင်ပအဆိုရှင် |
| ၈။ | ရှင်ဘုရင်လေး | ပြင်ပအဆိုရှင် |
| ၉။ | ရွေ့ဆက်ရန် စဉ်းစားပါ | ပြင်ပအဆိုရှင် |
| ၁၀။ | လမင်းချစ်သူ | ပြင်ပအဆိုရှင် |






အားကစား
မြှင့်တင်
စိတ်လန်း
ရွှင်
ဆန့်ကျင်
မူးယစ်
ဆေး

## ပူနွေးကမ္ဘာတားဆီးရာ ဖြေရှာတစ်ခု တောပြုစု

○ ကျောဖုံးမှ

ဖွင့်ပွဲအခမ်းအနားတွင် H.E. Hun Many(Member of the Cambodian National Assembly) နှင့် ကမ္ဘောဒီးယားနိုင်ငံ အာဆီယံမသန်စွမ်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က အဖွင့်မိန့်ခွန်းပြောကြားကာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်က (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို တရားဝင် ဖွင့်လှစ်ကြောင်း ကြေညာသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံမှ နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်ဆု ရရှိခဲ့ကြသည့် အားကစားသမားများက မီးရှူးတိုင်အား လက်ဆင့်ကမ်း သယ်ဆောင်၍ မီးထွန်းညှိခဲ့ပြီး (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို ဖွင့်လှစ်သည်။

အဆိုပါ (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ တွင် အိမ်ရှင်ကမ္ဘောဒီးယားနိုင်ငံက အားကစားနည်း ၁၄ နည်း ထည့်သွင်း ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့မှ အားကစားနည်း ရှစ်နည်း ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

✻ **လေဖိအားနည်းရပ်ဝန်းမှ**

အဆိုပါ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်သည့် အခြေအနေ လျော့နည်းသွားသော်လည်း မုတ်သုံလေအားကောင်းလာနိုင်ခြင်း ကြောင့် ဇွန် ၈ ရက်မှ ၁၅ ရက်အတွင်း နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

အဆိုပါဖြစ်ပေါ်လာနိုင်သည့် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေနှစ်ခု၊ ငွေနှစ်ခု စတင်ဆွတ်ခူး

နေပြည်တော် ဇွန် ၄

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ ပြေးခုန်ပစ်ပြိုင်ပွဲ ပထမနေ့ကို ဇွန် ၄ ရက်က ကမ္ဘောဒီးယားနိုင်ငံ၌ စတင်ကျင်းပရာ မြန်မာပြေးခုန်ပစ် အဖွဲ့က ရွှေနှစ်ခု၊ ငွေနှစ်ခု စတင် ဆွတ်ခူးရရှိခဲ့သည်။

**ဆုတံဆိပ်လေးခု ရယူနိုင်ခဲ့**

မြန်မာမသန်စွမ်း ပြေးခုန်ပစ် အဖွဲ့သည် ပထမနေ့တွင် ဆုတံဆိပ် လေးခု ရယူနိုင်ခဲ့ပြီး အမျိုးသမီး သံလုံးပစ် F55 ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတံဆိပ်ဆု၊ အမျိုးသမီး သံလုံးပစ် F64 ပြိုင်ပွဲ တွင် စိန်ဖောက ရွှေတံဆိပ်ဆု၊ အမျိုးသမီး အလျားခုန် T42-44 ပြိုင်ပွဲတွင် ဝေဝေသင်းက ငွေတံဆိပ်၊ အမျိုးသမီးအလျားခုန် T64 ပြိုင်ပွဲ တွင် လောလာဝင်းက ငွေတံဆိပ် ဆုတို့ရရှိသည်။ ထက်ထက်အေး ရရှိသည့် ရွှေတံဆိပ်ဆုမှာ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲတွင် မြန်မာ



အမျိုးသမီး သံလုံးပစ် F55 ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် ထက်ထက်အေးအား ဆုယူအပြီး တွေ့ရစဉ်။

မသန်စွမ်း အားကစားအဖွဲ့ရရှိသည့် ပထမဆုံး ရွှေတံဆိပ်ဆုလည်းဖြစ်သည်။ အမျိုးသမီး သံလုံးပစ် F55 ပြိုင်ပွဲတွင် ထက်ထက်အေးက ရွှေတံဆိပ်၊ ဗီယက်နမ်ကစားသမားက ငွေတံဆိပ်၊ ဖိလစ်ပိုင်ကစားသမားက ကြေးတံဆိပ်၊ အမျိုးသမီးသံလုံးပစ် F64 ပြိုင်ပွဲတွင် စိန်ဖောက ရွှေတံဆိပ်ဆု၊ အင်ဒိုနီးရှားကစားသမားက ငွေတံဆိပ်၊ ကမ္ဘောဒီးယား ကစားသမားက ကြေးတံဆိပ် ရရှိသည်။

မသန်စွမ်း ပြေးခုန်ပစ်ပြိုင်ပွဲကို ဇွန် ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာမသန်စွမ်း ပြေးခုန်ပစ်အဖွဲ့ အနေဖြင့် ပြိုင်ပွဲများ ဆက်လက် ယှဉ်ပြိုင်မည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**




## မြန်မာမသန်စွမ်း ရေကူးအဖွဲ့ ငွေနှစ်ခု၊ ကြေးတစ်ခု ဆွတ်ခူးရရှိ

နေပြည်တော် ဇွန် ၄

ကမ္ဘောဒီးယားနိုင်ငံ၌ကျင်းပလျက်ရှိသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၏ ရေကူးပြိုင်ပွဲကို ဇွန် ၄ ရက်က ပြုလုပ်ရာ မြန်မာမသန်စွမ်းရေကူးအဖွဲ့က ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ် တစ်ခု စတင်ဆွတ်ခူးရရှိခဲ့သည်။

မြန်မာမသန်စွမ်း ရေကူးအဖွဲ့အတွက် အမျိုးသား မီတာ ၄၀၀ အလွတ်ကူး S6 ပြိုင်ပွဲတွင် အောင်မြင့်မြတ်က ငွေတံဆိပ်ဆု၊ အမျိုးသား မီတာ ၁၀၀ ရင်ပေါင်တန်းကူး SB7 ပြိုင်ပွဲတွင် မင်းထူးက ငွေတံဆိပ်၊ အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်းကူး S5 ပြိုင်ပွဲတွင် ကျော်ထူးက ကြေးတံဆိပ်ဆုတို့ ဆွတ်ခူးရရှိခဲ့သည်။ **သတင်း-ကိုညီလေး**
**ဓာတ်ပုံ-အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန**


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥဏ္ဏတ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒ ဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက် ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉.၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၉၃ သိန်း | ၄၀၈၀၇ သိန်း |
| ၃။ | သုဓမ္မာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀.၀၀ | ၆ | ၆ | - |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀.၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃.၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄.၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅.၀၀ | ၁၈ ခု | ၄ ခု | ၁၄ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄.၀၀ | ၉ တိုင် | ၆ တိုင် | ၃ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂.၀၀ | ၂၀၀ ခန်း | ၁၆ ခန်း | ၁၈၄ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁.၀၀ | ၄၅၅ ခန်း | ၉၅ ခန်း | ၃၆၀ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂.၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆.၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉.၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇.၀၀ | ၆၅၂ ခု | ၁၅၅ ခု | ၄၉၇ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈.၅၀ | ၇၅၇၆.၃၅ ကျင်း | - | ၇၅၇၆.၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄.၅၀ | ၂၁၈.၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉.၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆.၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁.၀၂ | ၁ | ၅၃၈၅ သိန်း | ၁၇၃၄၆.၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀.၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆.၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁.၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄.၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆.၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇.၆၅ ကျင်း) | ၈.၅၀ | ၃၁၇.၆၅ | - | ၃၁၇.၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅.၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀.၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀.၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉.၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂.၀၀ | ၁၀၀၀ စုံ | ၅၈၆ စုံ | ၄၁၄ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀.၀၀ | ၅၀၀ စုံ | ၂၄၄ စုံ | ၂၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ဖခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ အထက(၁) Grade-8 မှကျောင်းဝင်အမှတ် (၃၁၈/၂၁)မောင်မြင့်မြတ်၏ ဖခင်အမည်မှန်မှာ ဦးသိန်းဦး [၆/ပလတ(နိုင်) ၀၁၁၃၃၈] ဖြစ်ပါသည်။ **ဦးသိန်းဦး**

## အမည်ပြောင်း

ဦးသိန်းဇော် [၉/ပမန(နိုင်) ၀၀၁၄၅၇ ]၏ သမီး ပုဗ္ဗသီရိမြို့၊ ILBC (ရန်ကုန်)ကျောင်း Secondary -1 မှ မမေရှင်းမွန်အား မဝင့်မွန်ပေရယ်ဦး ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မဝင့်မွန်ပေရယ်ဦး**

## အနူးအညွတ်တောင်းပန်ခြင်း

ကျွန်တော် ဦးမောင်ဝင်း မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်) ၀၁၂၁၅၀] ကိုင်ဆောင်သူမှ အောက်ပါအတိုင်း အနူးအညွတ်တောင်းပန်အပ်ပါသည်-

Labour Asia Services Co.,Ltd ၏ ကောင်းမွန်သော ဂုဏ်သတင်းကို ထိခိုက်ခဲ့သည့်အတွက် ကုမ္ပဏီနှင့် ကုမ္ပဏီ၏လူကြီးမင်းများအား အနူးအညွတ်တောင်းပန်အပ်ပါသည်။ နောက်နောင်တွင်လည်း ယခုကဲ့သို့ အမှားများ ကျူးလွန်မည်မဟုတ်ပါကြောင်း ကုမ္ပဏီနှင့် ကုမ္ပဏီ၏ လူကြီးမင်းများအား ကတိပေး အနူးအညွတ်တောင်းပန်အပ်ပါသည်။

**ဦးမောင်ဝင်း**

**မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်) ၀၁၂၁၅၀]**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ မမြတ်မာလာဦး (ဘ) ဦးမိုးကျော်သူ [၁၂/အစန(နိုင်) ၂၃၈၀၁၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မမြတ်မာလာဦး(ဘ)ဦးမိုးကျော်သူ (Page name -Charlotte The Star Seed)အမည်နှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောအခြားမည်သည့်နည်းလမ်းများနှင့်ဖြစ်စေ၊ ဂုဏ်သိက္ခာညှိုးနွမ်းစေသည့်အရေးအသား၊ အပြုအမူဖော်ပြချက် တစ်စုံတစ်ရာကိုမဆို ၎င်းနှင့်ပတ်သက်သော အသိုင်းအဝိုင်းပတ်ဝန်းကျင်တွင်ဖြစ်စေ၊ Facebook စာမျက်နှာပေါ်တွင်ဖြစ်စေ၊ မည်သည့်ဆက်သွယ်မှုကွန်ရက်များမှဖြစ်စေ သွယ်ဝိုက်၍လည်းကောင်း၊ တိုက်ရိုက်လည်းကောင်း ရေးသားခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်စေရန်ပြုမူခြင်း၊ မည်သူတစ်ဦးတစ်ယောက်ကမျှကြိမ်းမောင်းခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်ညီဇာမှုများကိုမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက မည်သူကိုမဆို တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်သီတာကြိုင်** | **ဒေါ်ဖြိုးဝေကြိုင်** |
| **(LL.B,D.B.L)** | **(LL.B,D.B.L,D.M.L,D.I.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၆၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၇၈)** |
| **ဖုန်း-၀၉-၇၉၇၅၄၉၄၁၂** | **ဖုန်း-၀၉-၂၆၀၀၁၀၇၅၅** |

**အမှတ်-၅၆၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်။**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၄ A)၊ လူနေရပ်ကွက်အမှတ်(S- ၉၂)၊ မြေကွက်အမှတ်(၁၆)ပေါ်တွင် ဆောက်လုပ်ထားသည့် အမှတ်(၅၀)၊ ဓမ္မဒါနလမ်း၊ မြေညီထပ်၊ အကျယ်အဝန်း (၂၆'/၂၄'x ၅၈')အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းအတွင်း တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား ဦးဝင်းလွင် [၁၂/တမန(နိုင်) ၁၁၀၄၇၁] မှ တရားဝင်ပိုင်ဆိုင်ထားပြီး ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၁၈၇)၊ ပထမထပ်၊ သုဒဿနလမ်း၊ (၁၆/၂) ရပ်ကွက်၊**

**သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း ၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅၊ လူနေရပ်ကွက်အမှတ်-ည/၁၁၊ ရွှေလင်းယုန်လမ်း၊ မြေကွက်အမှတ်-၅၈၃/ကဟုခေါ်တွင်သော အကျယ်အဝန်း(၂၀x၆၀)ပေရှိ ဦးအောင်ကျော်ဦး အမည်ပေါက် ပါမစ်မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦ အပါအဝင် ရေမီးစုံအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်လှလှခင် [၁၁/မပတ(နိုင်)၀၄၀၀၅၈]ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်အေးအေးနိုင် [၈/ပခက(နိုင်)၂၇၃၀၈၇]နှင့် ဒေါ်ခိုင်စုဝေ[၈/ပခက(နိုင်)၂၆၁၄၂၂]တို့မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်မော်မော်မြင့်** | **ဒေါ်ဖြူဝေဝေအောင်** | **ဦးမျိုးသီဟ** |
| **(LL.B, D.B.L, D.I.L)** | **(LL.B, D.B.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၃၄၃၃)** | **(စဉ်-၄၈၄၃၀)** | **(စဉ်-၅၂၁၂၇)** |

**တိုက်အမှတ်(၂၅၀)၊ (၄)လွှာ(ဘယ်)၊ ဘုရင့်နောင်လမ်း၊ (ဈ/၁၀)ရပ်ကွက်၊**

**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀၊ ၀၉-၇၇၇၂၉၁၇၇၅**

## အများသိစေရန် သတင်းစာကြော်ငြာခြင်း

အမှတ်(၆၀/အေ)၊ ဝေဇယန္တာလမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် နေထိုင်သူ ဒေါ်ခင်သူဇာဝင်း [၁၂/ဗတထ(နိုင်)၀၃၄၁၅၃] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာသည်မှာ-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်တွင်ရှိသော အမှတ်(၈၉)၊ (၇၇) ရပ်ကွက်၊ အမှတ်(၇၅၅)၊ (၆၈)ရပ်ကွက်၊ အမှတ်(၃၀)၊ (၃၁) ၁၅၀-ရပ်ကွက်များ၏ ပါမစ်အမည်ပေါက်ပိုင်ရှင် ရောင်းသူတစ်ဦးတည်း လက်မှတ်ရေးထိုးထားသော တစ်ခြမ်းထိုးအရောင်းအဝယ် စာချုပ်များပါမြေကွက်နှင့်ပတ်သက်၍ (၆-၁-၂၀၂၃) ရက်နေ့တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း၌ပ-၄/၂၀၂၃ဖြင့် ရာဇသတ်ကြီး ပုဒ်မ-၄၀၆ အရလည်းကောင်း (၁၅-၁- ၂၀၂၃)ရက်နေ့တွင် အမှတ်၈၉၊ ၇၇ ရပ်ကွက် မြေကွက်အား ရဲစခန်းပ-၁၃/၂၀၂၃ ဖြင့် ရာဇသတ်ကြီးပုဒ်မ- ၄၄၇/၄၂၇ဖြင့် လည်းကောင်း ကျွန်ုပ်မိတ်ဆွေမှ အမှုဖွင့်လှစ်ထားပါသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့မရဲစခန်းတွင် အမှုဖွင့်ထားသော မြေချပါမစ်မြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်မပြုလုပ်ပါရန်နှင့် အရောင်းအဝယ်ပြုလုပ်၍ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ သိမ်းဆည်းခံရလျှင် တာဝန်ယူမည်မဟုတ်ကြောင်း၊ အထက်ဖော်ပြပါ မြေချပါမစ် (၄)ကွက်သည် အမှုခင်းဖြစ်ပွားနေသော မြေကွက်များဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်သူဇာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးကျော်မိုးလွင်( LL.B, D.I.L)**

**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၃၀၇၈**

**ရုံးခန်းအမှတ်(၁၁၄)၊ ပြည်ထောင်စုလမ်း၊ (၂၅)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်။**

**ဖုန်း-၀၉-၄၂၁၀၅၆၂၆၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် (၁၄)၊ ဘယသုတ္တိလမ်း၊ မြေကွက်ကြီးအမှတ် (၈၁၀)ထဲမှ ဧရိယာအကျယ်အဝန်း (အလျား ၂၀ ပေ x အနံ ၆၀ ပေ)ရှိ တရားဝင် မခွဲမစိတ်ရသေးသော ပါမစ်မူရင်းခြမ်းမြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရေမီးစုံနေအိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ် တို့အား တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြု ရောင်းချသူ ဦးအောင်ပြည့်စုံ [၁၂/သဃက (နိုင်)၁၆၆၆၄၃]ထံမှ အပြီး အပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီရိမောင် [၁၂/ဥကတ(နိုင်) ၁၇၇၃၈၈]က စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်၊ အိမ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း တင်ပြကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပြီးသည်နှင့် အရောင်းအဝယ်ကို တရားဝင် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း အသိပေး ကြေညာပါသည်။

**ဒေါ်သီရိမောင်၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်လှသီ B.A(Law),LL.B**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၆)**

**ဖုန်း-၀၉-၄၃၀၇၂၄၄၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃)၊ လူနေရပ်ကွက် အမှတ်(၃)၊ မြေကွက်အမှတ် (၆၈၃)၊ အကျယ်အဝန်း (အလျား ၄၀' x အနံ ၆၀') ရှိသော နှစ် (၆၀) ဂရန် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဂရန်အမည်ပေါက် ဦးလှရွှေ (၁၂/သဃက(နိုင်)၀၈၁၉၂၇) (ISN-၁၉၉၆၇၉) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ၎င်းမြေကွက်ထဲမှ တရားဝင် မခွဲစိတ်ရသေးသော (အလျား ၂၀'x အနံ ၆၀') (ဂရန်မူရင်းတစ်ခြမ်း)ကို အမည်ပေါက်၏ သားသမီးများဖြစ်ကြသော ဦးမြတ်စိုး [၁၂/သဃက(နိုင်)၀၈၁၂၆၁]၊ ဦးမြတ်မိုး [၁၂/သဃက(နိုင်)၀၈၁၂၆၉ နှင့် ဒေါ်တင်တင်ဌေး [၁၂/သဃက(နိုင်)၀၃၅၇၂၀] တို့က အမွေ ဆက်ခံခြင်းဖြင့် တရားဝင်လက်ရှိ ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်တိုး [၈/ရစက(နိုင်)၀၁၁၉၆၅]က အပြီးအပိုင် ဝယ်ယူရန် (၂-၆-၂၀၂၃) ရက်နေ့တွင် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့နှင့် မြေပိုင်ရှင်များထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြုလုပ်သည့် အိမ်နှင့်မြေကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်သန်းမြင့် (LL,B, WIPO, Switzerland)** | **ဒေါ်စုမြတ်မွန်( LL,B )** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၇၇၄)** | **အထက်တန်းရှေ့နေ(စဉ်-၄၉၃၇၈)** |

**အမှတ် (၄၃)၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈၊ ၀၉-၄၂၈၀၂၄၂၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၇၊ မြေကွက်အမှတ်-၇၅၇/က၊ အကျယ်အဝန်း(အလျား ၂၀ ပေx အနံ ၆၀ ပေ)ရှိ ဦးကျော်စိုးလှိုင်(ISN-၅၆၂၆၈၄)အမည်ဖြင့် ချပေးထားသော မြေချပါမစ်နှင့် ယင်းမြေကွက်ပေါ်ရှိ ရွှေပြည်သာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ကလေးဝလမ်း၊ အမှတ်(၇၅၇/က)ဟုခေါ်တွင်သော တစ်ထပ်တိုက် အိမ်အဆောက်အဦနှင့် ဂျိုးဖြူရေ၊ အဝီစိရေတွင်း၊ မီတာအပါအဝင် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မြေချပါမစ်မူရင်း အမည်ပေါက်ဦးကျော်စိုးလှိုင်(ISN-၅၆၂၆၈၄)ထံက စာချုပ်အဆက်စပ်မူရင်းများဖြင့် အဆင့်ဆင့်ဝယ်ယူ၍ အရှုပ်အရှင်းပြဿနာကင်းရှင်းပြီး လက်ရှိနေထိုင်ပိုင်ဆိုင်သည်ဟု ၁။ ဒေါ်ရင်ဌေး[၁၄/ကလန(နိုင်)၀၅၆၃၀၆]၊ ၂။ ဒေါ်သန်းသန်းစိုး[၈/ရနခ(နိုင်)၀၉၁၂၇၆]တို့က အဆိုပြုလျက် ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် မြေနှင့် တစ်ထပ်တိုက်အိမ် အကျိုးခံစားခွင့်အရပ်ရပ်၏ တန်ဖိုးတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယင်းမြေကွက်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စိုးစိုးသိန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၉)**

**အမှတ်(၁၃၃၉)၊ (၃၅)လမ်း၊ (၁၃)ရပ်ကွက်၊**

**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၂၀၀၄၉၃၈၀၊ ၀၉-၇၉၅၃၃၅၂၇၅**

## ပျောက်ဆုံးကြောင်း

မောင်ဇော်ထက် [၁၄/ကပန(နိုင်) ၁၈၈၈၉၁]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်-MD 596012သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-676473840**

## ဖခင်အမည်မှန်

ကန်ကြီးဒေါင့်မြို့၊ အ.မ.က-၆ ကုန်းစုကျောင်း၊ Grade-3မှ မမေဇင်သော်၏ ဖခင်အမည်မှန်မှာ ဦးဖိုးဌေး[၁၄/ပသရ(နိုင်)၁၀၆၈၀၀]ဖြစ်ပါကြောင်း။ **ဦးဖိုးဌေး**

## အမည်ပြောင်း

ဒိုက်ဦးမြို့နယ်၊ အထက (၁)ကျိုက်စကော(Grade- 3) မှ ဦးစောသိန်းအောင်၏ သမီး မသီရိအောင်အား မရွှန်းလဲ့အောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မရွှန်းလဲ့အောင်**

**အားကစားမြင့်တင်**

**စိတ်လန်းရွှင်**

**ဆန့်ကျင်**

**မူးယစ်ဆေး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ (၅)ရပ်ကွက်၊ Yankin Housing Project အိမ်ရာ၊ တိုက်အမှတ်(၈/၅)၊ အခန်းအမှတ်(၂၂)အား အမည်ပေါက် ဒေါ်တင်နွယ်ဦး[၁၂/မရက(နိုင်) ၀၆၁၅၇၆]ထံမှ စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဒေါ်ခိုင်စန္ဒာတင် [၁၂/ဗဟန(နိုင်)၀၉၄၆၉၅]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍(၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**

**ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၉)ရပ်ကွက်၊ရန်ကုန်-အင်းစိန်လမ်းမ၊ တိုက်အမှတ်(၆၉)၊ (၈) ခန်းတွဲ၊ (၆)ထပ်တိုက် အဆောက်အဦမှ အခန်းအမှတ်(၄၃) ၆-လွှာ၊ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကိုတရားဝင်ဝယ်ယူပြီးလက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဦးလှဝင်း [၁၂/ဗတထ(နိုင်)၀၂၅၅၆၃]ထံမှ ဦးမင်းမောင်[၈/ပခက(နိုင်)၁၆၂၆၅၂]+ဒေါ်ခက်ခက်သန်းကျော်[၁၂/ရပသ(နိုင်)၀၆၂၅၄၁] တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးမင်းမောင်+ဒေါ် ခက်ခက်သန်းကျော် တို့၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်မာလာ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**

**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ကန်ရိပ်မွန်အိမ်ရာ၊ ကန်လမ်း၊ တိုက်အမှတ်(C)၊ (၂) ခန်းတွဲ၊ (၆)ထပ်တိုက်အဆောက်အဦမှအခန်းအမှတ်(C-501)၆-လွှာ၊ တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအားကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်ဝယ်ယူပြီး လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူ ဒေါ်ခင်အေးချစ် [၁၂/သဃက(နိုင်)၀၂၇၀၀၀] ထံမှဦးသက်ထူး [၉/မဟမ(နိုင်)၀၁၈၁၅၀]+ ဒေါ်နှင်းသူဇာလှိုင် [၁၂/ကခက(နိုင်)၀၈၀၆၂၈] တို့က အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးသက်ထူး+ဒေါ်နှင်းသူဇာလှိုင် တို့၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်မာလာ (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**

**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက်အမှတ်-၆၀၂(က+ခ)၊ မြေချပါမစ် အမည်ပေါက် ဦးမြင့်အောင်(MMU-၀၆၈၀၈၁)၊ အကျယ်အဝန်း(ပေ၄၀xပေ၆၀)ထဲမှ(ခြေရင်းခြမ်း)တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း(ပေ၂၀xပေ၆၀)ရှိ ပါမစ်မူရင်းခြမ်း၊ အမှတ်-၆၀၂(က+ခ)(ခြေရင်းဘက်)၊ ခိုင်ရွှေဝါလမ်း၊ ၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ အိမ်၊ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ အိမ်၊ မြေကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်စန္ဒာမြင့် [၁၂/ဥကတ(နိုင်) ၁၄၃၀၄၄]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွန့်(LL.B)** | **ဦးနိုင်ထွဋ်လင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၂၇)** | **အထက်တန်းရှေ့နေ(စဉ်-၃၅၅၄၅)** |

**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၇၊ နန္ဒကျော်ထင်လမ်း၊ မြေကွက်အမှတ်(၇၂၅)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ဦးသိန်းစံ(KYN-၀၀၉၅၆၅)အမည်ဖြင့် နှစ်(၆၀)ဂရန်ထွက်နေပြီး ဦးသိန်းစံမှာ ၂၀၀၆ခုနှစ်တွင် ကွယ်လွန်ပြီးဖြစ်ကြောင်း၊ မိမိ၏ လက်ဝယ်တွင် ပါမစ်မူရင်းရှိသဖြင့် နှစ်(၆၀)ဂရန်ထုတ်ယူနိုင်ရန်အတွက် တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် မိမိတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့် အပြည့်ရှိကြောင်း ဦးသိန်းစံ၏ဇနီးဖြစ်သူ ဒေါ်အေးငွေ [၁၂/မဘန(နိုင်)၀၇၃၈၀၁]မှ ဝန်ခံကတိပြုလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား သားဖြစ်သူ ဦးတိုးမြင့်စံထံသို့ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း)များနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန္တာလွင် (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**

**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၃၃)ဟု ခေါ်တွင်သော (၄) ခန်းတွဲ (၅)ထပ်တိုက်၏ တတိယထပ်(၄-လွှာ)၊ အလယ်ခေါင်းရင်းခန်းရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဒေါ်ခင်မြတ်ထွေး [၁၀/သထန(နိုင်)၀၁၈၄၆၆] မှ ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ ထက်ဝက်ကျော်ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျ ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးဖြိုးသက်ဦး (LL.B)** | **ဒေါ်နှင်းယုဝေအေး (LL.M, D.I.L)** |
| **(စဉ်-၄၈၁၁၆)** | **(စဉ်-၄၁၁၅၂)** |

**အထက်တန်းရှေ့နေများ**

**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊ အဓိပတိအင်အားမီနီကွန်ဒို၊**

**သုခမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၃၃၇၆၄၁၅၊ ၀၉-၇၈၈၀၃၁၇၁၃**

**သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်သန်း(အိုးအိမ်ဦးစီးဌာန-ငြိမ်း)
## အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၄၁)၊ ၂၈လမ်း၊ အပေါ်ဆုံးထပ်နေ (ဦးမောင်ငြိမ်း-ဒေါ်စန်းရီ)တို့၏ ချစ်လှစွာသောသမီး၊ [ဦးတင်ဦး(မြို့တော်စည်ပင်-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဒေါ်ခင်ဆွေဦး(ခ)ဘေဘီ-ဦးခင်စိုး၊ ဒေါ်လီတင်ဦး-ဦးအေးသိဏ်း၊ ဒေါ်ဇင်မင်းဦး(ခ)မော်လီ၊ ဦးမြတ်ကိုဦး(ခ)မီကီ-ဒေါ်သန်းသန်းနွယ်၊ [ဦးသီဟဦး(ခ)တော်မီ]-ဒေါ်ခင်မာဝေ၊ ဒေါ်ခင်နှင်းဦး(ခ)ကစ်တီ-ဦးကြည်ဝင်း၊ [ဦးဝင်းလွင်ဦး(ခ)ဂျင်မီ]၊ ဒေါ်သဉ္ဇာဦး-ဦးမျိုးသန့်တို့၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး (၁၃)ယောက်၊ မြစ် ကိုးယောက်တို့၏ ဘွားဘွားကြီးသည် ၂-၆-၂၀၂၃(သောကြာနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှမိတ်ဆွေ သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၈-၆-၂၀၂၃ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၉ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါက်တာတင်ဝင်း
ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်
## အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ရွှေဖီခိုင်ညွှာလမ်း၊ အမှတ်(၄၆၇)နေ ဒေါ်ငွေးငွေးမြင့်၏ ချစ်လှစွာသော ခင်ပွန်း ဒေါက်တာတင်ဝင်း၊ ပါမောက္ခချုပ်(ငြိမ်း)၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်သည် ၃၁-၅-၂၀၂၃(ဗုဒ္ဓဟူးနေ့)တွင် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဆရာ၊ ဆရာမများ**
**အသုံးချဘောဂဗေဒဌာန**
**ရန်ကုန်စီးပွားရေးတက္ကသိုလ်**

**ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-င/၁၁၊ လူနေရပ်ကွက်အမှတ်-၄၊ သာစုလမ်း၊ မြေကွက်အမှတ်-၂၅၊ အကျယ်ပေ(၆၀x၆၀)ရှိ ဒုဗိုလ်မှူးကြီးသိန်းဇော် အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသောမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင်ဒုဗိုလ်မှူးကြီး သိန်းဇော်ထံမှ အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင်ဦးမြစိုး[၁၂/လမန(နိုင်)၁၀၁၄၄၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးတင်မောင်ဆွေ[၇/အဖန(နိုင်)၀၀၁၃၀၃]ကိုင်ဆောင်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၀)ရက်အတွင်း မြေကွက်ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဦးတင်မောင်ဆွေ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၇/အဖန(နိုင်)၀၀၁၃၀၃]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **ရန်ကုန်-ပြည်လမ်း၊ ရွာမရပ်ကွက်၊** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **နတ်တလင်းမြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၈) ရပ်ကွက်၊ ဘိုကလေးဈေးလမ်း၊ အမှတ်(၁၃၂)နေ (၁) ဦးအောင်ကြည်စိုး [၁၂/ဗတထ(နိုင်)၀၃၂၀၇၇]၊ (၂) ဒေါ်ဖြိုးဖြိုးစံ[၁/မကန(ဧည့်)၀၀၁၇၀၇] တို့၏လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၉)၊ မြေကွက်အမှတ်(၈၉၉)၊ အကျယ်အဝန်း(၄၅ပေx၆၀ပေ)၊ ဧရိယာ (၀.၀၆၂)ဧက၊ စတုရန်းပေ(၂၇၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဌာန၌ ဒေါ်ချိုမီမီဇော်[၁၂/ကမရ(နိုင်)၀၅၀၂၅၀] အမည်ဖြင့် မှတ်သားတည်ရှိသောမြေကွက်နေအိမ်ဖြစ်ပါသည်။ အဆိုပါမြေကွက်နေအိမ်အား အမည်ပေါက်ဖြစ်သူ ဒေါ်ချိုမီမီဇော်မှ ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ကိုယ်တိုင်ဝန်ခံကတိပြု ပြောဆိုလျက် အပြီးအပိုင် ရောင်းချရန်ကမ်းလှမ်းလာသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁) ဦးအောင်ကြည်စိုး [၁၂/ဗတထ(နိုင်)၀၃၂၀၇၇]၊ (၂)ဒေါ်ဖြိုးဖြိုးစံ[၁/မကန(ဧည့်)၀၀၁၇၀၇] တို့က အဆိုပါ မြေကွက်နေအိမ်အား အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်နေအိမ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်ထံသို့ ပိုင်ဆိုင်သည့်မူရင်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **၁။ ဦးအောင်ကြည်စိုး** | **ဒေါ်ခိုင်ဇင်အိ LL.B,D.B.L,D.A.Psy** |
| **[၁၂/ဗတထ(နိုင်)၀၃၂၀၇၇]** | **တရားလွှတ်တော်ရှေ့နေ** |
| **၂။ ဒေါ်ဖြိုးဖြိုးစံ** | **(စဉ်-၈၉၃၉)** |
| **[၁/မကန(ဧည့်)၀၀၁၇၀၇]** | **အမှတ်(၅၉၆)၊ဗိုလ်စောနောင်လမ်း၊** |
| | **(၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** |
| | **Ph:09-250010159,09-455078717** |

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## လောင်ရှမ္ဘီ(ခ)ဒေါ်မာအို (သထုံ)
## အသက်(၁၀၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ၈-လမ်း၊ အမှတ်-၃၈၇နေ (ဦးစောလင်လင်း)၏ ချစ်လှစွာသောဇနီး၊ စောဟုတ်ဝမ်း(ခ)ဦးနိုင်ဝင်းအောင်-(ဒေါ်ခင်သန်းအေး)၊ ဦးကင်းဟို-(ဒေါ်လှလှမြင့်)၊ (ဦးစိန်ဝင်း)-ဒေါ်ထားထားမြင့်၊ ဦးသန်းစိန်၊ ဦးမြကြိုင်၊ ဒေါ်အေးအေးမြင့်တို့၏ချစ်လှစွာသောမိခင်ကြီး၊ မြေး ခုနစ်ယောက်၊ မြစ် ငါးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၄-၆-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၄:၄၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၆-၆-၂၀၂၃ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အေးအေးသန်း
## အသက်(၅၈)နှစ်

မန္တလေးမြို့၊ ၆၁(A)လမ်း၊ (၁၁၅)လမ်းနေ(ဦးကိုကိုလေး-ဒေါ်မြင့်မြင့်)၊ (၂၆)ဘီလမ်း၊ ပွဲကုန်းလမ်းမတန်းနှင့် ဈေးချို (H)ရုံ မြေညီထပ်၊ စက္ကူဆိုင်တို့၏သမီး၊ (ဦးမောင်မောင်လွင်)-ဒေါ်ခင်နီလာအေး(ရွှေမြန်မာဟိုတယ်)၏ ညီမ၊ ဦးစိုးမြင့်အောင်-ဒေါ်သန်းသန်းထွေး၊ (ကိုမျိုးရန်အောင်)- မစန္ဒာ(မြင့်မိုဦးတည်းခိုခန်း) တို့၏ အစ်မ၊ ဦးမင်းကျော်ထွန်း(ခ)ဦးဆန်းနီ၏ ချစ်လှစွာသော ဇနီး၊ ကိုချမ်းငြိမ်းထွန်း၊ ကိုစိုင်းအောင်နိုင်မြင့်-မစန်းစိမ့်စိမ့်ထွန်း၊ ကိုထင်ကျော်မိုးထွန်း၊ မသစ်မင်းထွန်းတို့၏ ချစ်လှစွာသော မိခင် ဒေါ်အေးအေးသန်းသည် ၃-၆-၂၀၂၃(စနေနေ့)ညနေ ၃ နာရီတွင် (၉၆)ပါးသောရောဂါဖြင့်ကွယ်လွန်သွားပါ၍ ၅-၆-၂၀၂၃ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ကြာနီကန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်း ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်မောင်ခန့်
**အင်းစိန် AGTI(Civil)95 Batch**
## အသက်(၅၂)နှစ်

ရန်ကုန်မြို့နေ (ဦးလှတင်-ဒေါ်မြကြွယ်)တို့၏သား၊ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်မင်းခေါင်လမ်း၊ အမှတ်(၈/က)နေ ဦးတင်ရှိန်-ဒေါ်ခင်အုန်းအုန်းမြင့်တို့၏ သားသမက်၊ ဒေါ်မြင့်ကေခိုင်ရှိန်၏ ချစ်လှစွာသော ခင်ပွန်း ဦးတင်မောင်ခန့်(ရွှေသံလွင်ကုမ္ပဏီလီမိတက်)သည် ၃-၆-၂၀၂၃ ရက် ည ၁၁:၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၅-၆-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## "ကန့်ကွက်နိုင်ပါကြောင်း"အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၂)ရပ်ကွက်၊ အမှတ်(၁၂၂)၊(အလျား ၄၀ပေ x အနံ ၆၀ပေ)၊ ဧရိယာအကျယ်အဝန်း(၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀)အကျယ်ကို ရန်ကုန်မြို့၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(မြေနှင့်အခွန်ဌာနခွဲ)တွင် ဦးသိန်းဆွေ(IWE.၁၀၇၀၂) အမည်ပေါက် ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဟု ဆိုလာသူ ဒေါ်မီမီဖြိုး [၁၂/ဒဂတ(နိုင်)၀၆၅၆၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအေးဆွေ [၈/စရက(နိုင်)၁၃၁၀၂၇]က အပြီးအပိုင် ဝယ်ယူရန် အရောင်းအဝယ် ပြုလုပ်ထားသည့် တန်ဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော မူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၂၂၅၅၅)**
**အမှတ်(၁၆၄၃)၊ သိပ္ပံမောင်ဝလမ်း၊ ၄၂-ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၅၀၆၀၄၃**

## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ဒေါ်ကျင်စိန်
## (မိုးကုတ်ဝိပဿနာ ယောဂီဟောင်း)
## အသက် (၈၇) နှစ်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်၊ လိုင်း(၈)၊ အခန်း(ဒီ)၊ တောင်ညွန့်မီးရထားရပ်ကွက်နေ(ဦးသိန်းမောင်-ဒေါ်သန်း)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးအောင်မြင့်)-ဒေါ်မြမြသန်း၊ (ဦးခင်မောင်ဝင်း)-ဒေါ်မြင့်ငွေး၊ (ဦးတင်မောင်ဝင်း)၊ ဒေါ်မြမြစန်း၊ ဒေါ်စန်းစန်းအေး၊ ဦးတင်ဝင်းမောင်-ဒေါ်နိုင်နိုင်၊ (ဦးတင်ဝင်းနိုင်)၊ ဦးဇော်ဇော်၊ ဦးဝင်းမင်းထွေး-ဒေါ်စိုးမိုးလွင်၊ ဒေါ်ဝါဝါလွင်တို့၏ မိခင်ကြီး၊ ဦးသန်းထိုက်အောင်-ဒေါ်နွေး၊ ဦးမျိုးမင်းအောင်-ဒေါ်သူဇာလှိုင်၊ မခင်မြတ်မွန်၊ မောင်ခန့်စည်သိဏ်း၊ မောင်စည်သူအောင်-မလင်းလင်းခိုင်၊ မမိုးသီဟန်၊ မသက်ထူးစံ၊ မအိစန္ဒာဝင်းတို့၏ချစ်လှစွာသော အဘွား၊ မြစ် (၆) ယောက်ဖြစ်သော မောင်အောင်ခန့်ပိုင်၊ မောင်မိုးမြတ်အောင်၊ မမြတ်သီရိခိုင်၊ မောင်အောင်ကောင်းမြတ်၊ မောင်နိုင်ဘုန်းအောင်၊ မပန်းအိမ့်မှူးစံတို့၏ အဘွားသည် ၄-၆-၂၀၂၃(တနင်္ဂနွေနေ့) နံနက် ၃:၅၈ အချိန်တွင် (၉၆)ပါးသောရောဂါဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၆-၆-၂၀၂၃(အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုလ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီအချိန်တွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## "တိုက်ခန်းဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူသည် "**ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာတောင်ညွန့်ရပ်ကွက်၊ (၁၀၇)လမ်း၊ မြေကွက်အမှတ်(၁၉) ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ် အဆောက်အဦတွင် ပါဝင်တည်ရှိသည့် ၆-လွှာ (ဒါဘာအပါ) ဟုခေါ်တွင်သော အကျယ်(၁၇ပေx၄၇ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**"တို့အား တရားဝင် ပိုင်ဆိုင်သူများဖြစ်သော "ဦးညွန့်ဦး[၁၂/မဂတ(နိုင်)၀၃၃၈၆၉]နှင့် ဒေါ်သင်းသင်းလှိုင်[၁၂/လမန(နိုင်)၀၉၁၁၅၅]" တို့ထံမှ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စအထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မေသဥ္ဇာသိန်း (LL.B)** | **ဒေါ်ပွင့်သူဇာ(LL.B)** |
| **(စဉ်-၁၄၅၉၈)** | **(စဉ်-၁၄၅၉၂)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)၊ မြေကွက်အမှတ်(၄၀၀)၊ မြေကွက်တည်နေရာအမှတ်(၄၀၀)၊ ပီမိုးနင်း(၁)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်ခင်မေချစ်(CA-၀၃၂၇၅၇) အမည်ပေါက်နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက်ဒေါ်ခင်မေချစ်(မိခင်)နှင့် ဦးအုန်းရွှေ(ဖခင်)တို့ အသီးသီးကွယ်လွန်ခဲ့ကြသဖြင့် သား၊ သမီးများဖြစ်သော (၁)ဦးချစ်ရွှေ [၁၂/ကမရ(နိုင်)၀၀၈၉၉၃]၊ (၂)ဒေါ်စန်းစန်းဝင်း [၁၂/ကမရ(နိုင်)၀၃၂၁၈၄]၊ (၃)ဒေါ်ချိုချိုဝင်း [၁၂/ကမရ(နိုင်)၀၀၀၃၅၅]၊ (၄) ဒေါ်ညိုညိုဝင်း [၁၂/ကမရ(နိုင်)၀၄၉၀၅၈]တို့မှ မိမိတို့မောင်နှမ(၄)ဦးကိုသာ မွေးဖွားခဲ့ကြောင်း၊ အခြားမည်သည့် အမွေစားအမွေခံသားသမီးများ မကျန်ရှိပါကြောင်း၊ မိမိတို့(၄)ဦးသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်၊ နိုင်/ကတ်၊ (မိခင်) ဒေါ်ခင်မေချစ်၏ သေဆုံးမှုလက်မှတ်၊ (ဖခင်) ဦးအုန်းရွှေ၏ သေဆုံးမှုလက်မှတ်၊ ဒေါ်ညိုညိုဝင်းထံမှ GPNo-(၁၇၃၇/၂၀၂၁)(၂-၂-၂၀၂၁)နှင့် ဒေါ်ချိုချိုဝင်းထံမှ GPNo-(၁၇၃၄/၂၀၂၁)(၂-၂-၂၀၂၁) ဖြင့်ရရှိသူဒေါ်ခင်လေးနွယ်[၁၂/ကမရ(နိုင်)၀၀၉၀၀၁]မှ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့်အထွေထွေကိုယ်စားလှယ်လွှဲစာအား ပြန်လည်မရုပ်သိမ်းသေးကြောင်း ကျမ်းကျိန်လွှာ၊ ပါဝါတို့ကို တင်ပြ၍ ဦးချစ်ရွှေ၊ ဒေါ်စန်းစန်းဝင်းတို့နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက် ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၇)လမ်း၊ တိုက်အမှတ်(၂၇၇)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ် အဆောက်အဦရှိ အပေါ်ဆုံးထပ်(ယာ)ဟု ခေါ်တွင်သည့် တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင် ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း**

ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ထက်ထက်ခိုင် [၁၂/တမန(နိုင်)၁၂၃၁၃၃]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မူမူ[၁၂/ဥကတ(နိုင်)၀၅၅၉၂၄]က တိုက်ခန်းတန်ဖိုး ကျသင့်ငွေအနက်မှ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မောင်မောင်**
**LL.B, WIPO (Switzerland) အထက်တန်းရှေ့နေ(စဉ်-၄၅၁၂၇)**
**အမှတ်(၆၆၆/ခ)၊ အင်းဝ(၁၉-က)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၁၇၈၈၈၇၈**

## ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်မှုကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ အပူချိန်လွန်ကဲမှုကြောင့် မေလ မှ ဇူလိုင်လအတွင်း မွေးမြူရေး(ဥရောပ)ပျားအုံများတွင် အတောင်လိပ်ရောဂါကျရောက်တတ်ပြီး အဆိုပါအတောင်လိပ်ရောဂါ ကျရောက်မှုကြောင့် သက်ငယ်ပျားများ(Nurse Bees)ဆုံးရှုံးကာ ပျားအုံဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နိုင်ပါသည်။

၂။ သို့ဖြစ်ပါ၍ ပျားမွေးမြူရေးလုပ်ငန်းရှင်များအနေဖြင့် အတောင်လိပ်ရောဂါ ကျရောက်မှုမှ ကာကွယ်နိုင်ရန် အောက်ဖော်ပြပါအချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မေ၊ ဇွန်၊ ဇူလိုင် လများတွင် အပူချိန်မြင့်မားသည့်အတွက် ပျားအုံများကို အရိပ်ကောင်းမွန်သည့် နေရာများတွင် ချထားမွေးမြူရန်။
(ခ) ကပ်ပါးမွှားရောဂါကင်းစင်ရေး ဆောင်ရွက်ရန်။
(ဂ) ပျားသောက်ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ရန်။
(ဃ) ပျားအုံများ လေဝင်လေထွက်ကောင်းမွန်အောင် ဆောင်ရွက်ရန်။
(င) ပျားအုံများအတွင်း သားလောင်းနှင့် သားထိန်းပျားများ အချိုးအစားညီမျှအောင် ဆောင်ရွက်ရန်။
(စ) သကြားနှင့် ရေကို သတ်မှတ်ထားသည့် အချိုးအစားဖြင့် ဖျော်စပ်ပြီး ဆားအနည်းငယ်ထည့်၍ တိုက်ကျွေးရန်။
(ဆ) ပျားသလက်ဘောင်အသစ်များဖြင့် မွေးမြူနိုင်ရေးဆောင်ရွက်ရန်။
(ဇ) ရောဂါကျရောက် ဖြစ်ပွားနေကြောင်းသိရှိပါက နီးစပ်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးတာဝန်ခံရုံးနှင့် မြန်မာနိုင်ငံပျားလုပ်ငန်းအသင်းထံသို့ ဆက်သွယ်အကြောင်းကြား၍ ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **မိမိတို့နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရန်၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန်၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို စောင့်ရှောက်ရန် အဓိကတာဝန်ရှိ...**

❖ **ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်အတွက် အသက်ခန္ဓာသဖွယ်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပါတီစုံဒီမိုကရေစီစနစ်ကို ယိမ်းယိုင်ပျက်စီးအောင် ပြုလုပ်လာသည့် အပြုအမူမှန်သမျှကို ဥပဒေနှင့်အညီ ကာကွယ်တားဆီးခြင်းသည် သမိုင်းပေးတာဝန် ထမ်းဆောင်ခြင်းသာဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား သို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂-၁၂-၂၀၂၂




## (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ကမ္ဘောဒီးယား ဇွန် ၄

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ဒေသစံတော်ချိန် ၄ နာရီတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Morodok Techo National Stadium ၌ ကျင်းပရာ အရှေ့တောင်အာရှပြိုင်ပွဲဝင်နိုင်ငံများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးနှင့် အုပ်ချုပ်သူ၊ နည်းပြများ၊ မသန်စွမ်းအားကစားသမားများနှင့် တာဝန်ရှိပုဂ္ဂိုလ်များလည်း တက်ရောက်ခဲ့ကြသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ○

## ဗန်းမော်ဆရာတော်ကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်နှင့် သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်သဘင်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၄

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက် ဗန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနားအား ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ သရီရဓာတုပဝါဟနပူဇာ အရိုးဓာတ်ပြာတော်များ ရေမျှောပူဇော်သဘင်အခမ်းအနားအား ဇွန် ၇ ရက် နံနက် ၅ နာရီခွဲတွင် လည်းကောင်း MRTV HD Channel၊ MRTV Farmers' Channel၊ MRTV Parliament Channel၊ MWD HD Channel၊ MWD Variety HD Channel၊ မဟာဗောဓိရုပ်သံလိုင်းနှင့် Buddha Channel တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်သည့်အခြေအနေ လျော့နည်းသွားပြီး မုတ်သုံလေ အားကောင်းလာနိုင်

နေပြည်တော် ဇွန် ၄

ဇွန် ၅ ရက်မှ ၈ ရက်အတွင်း ဘင်္ဂလားပင်လယ်အော် အရှေ့ အလယ်ပိုင်း၊ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းတို့တွင် လေထုမငြိမ်မသက်မှုဖြစ်ပေါ်ရာမှ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်ခြေရှိသည်ဟု ခန့်မှန်းထားခဲ့သော်လည်း ယနေ့ည ၈ နာရီခွဲ တိုင်းထွာချက်များအရ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်သည့်အခြေအနေ လျော့နည်းသွားပြီး မုတ်သုံလေအားကောင်းလာနိုင်သည့်အခြေအနေသာ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းရသည်။ **စာမျက်နှာ ၂၃ ကော်လံ ၁ သို့** ✻

### ယနေ့ ဖတ်စရာ

**CRPH ၊ NUG အကြမ်းဖက်အဖွဲ့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဖယ်ခုံမြို့နယ် ညောင်ကုန်း(၅)ရပ်ကွက်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းအား အကြောင်းမဲ့ မီးရှို့ဖျက်ဆီး**

စာမျက်နှာ » ၁၅

**အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲတွင် မြန်မာပြေးခုန်ပစ်အဖွဲ့ ရွှေနှစ်ခု၊ ငွေနှစ်ခု စတင်ဆွတ်ခူး**

စာမျက်နှာ » ၂၃